
ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မမေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ် ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။ လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက် သောကြာနေ့။ Friday, 19 June 2026 ၁၂၁၄





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ လင်းကန်အထူးဇုန်ရှိ Exhibition Centre အတွင်း ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဇုန်ရိယာသို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်(State Visit)ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့ရှိ လင်းကန်အထူးဇုန်ရိယာ(Shanghai Lingang Special Area)သို့ သွားရောက်လေ့လာသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်



ရန်ကုန် ဇွန် ၁၈

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန(Bone marrow Transplant Center)သို့ ၂၀၂၆ ခုနှစ် မေလက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာ လူနာများဖြစ်သည့် သာပေါင်းမြို့နယ်မှ ၃၈ နှစ်အရွယ် အမျိုးသမီး၊ လှိုင်မြို့နယ်မှ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ မိုးလေဝသ (၁၉-၆-၂၀၂၆)

နေပြည်တော်နှင့် အနီးတစ်ဝိုက်
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ

စာမျက်နှာ » ၁၀

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

စာမျက်နှာ » ၁၁



(၁၈-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၄.၇ ~ ၃၆၆.၇	၅၅.၉ ~ ၅၅.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၂၈,၀၁၂,၇၇၃.၉၀	၁၇,၆၃၈,၄၇၅.၉၃	၇၀,၄၈၄,၈၂၇.၇၈	
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ မျိုးစေ့၊ တိရစ္ဆာန်အစာ၊ မုယော၊ ဓာတ်မြေဩဇာတင်သွင်းခြင်း တို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၃ သန်းကို ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အမရပူရမြို့နယ်၌ ထရန်စဖော်မာအသစ်များ တပ်ဆင်ဆောင်ရွက်

မန္တလေး ဇွန် ၁၈

အများပြည်သူများအဆင်ပြေစေရန် လျှပ်စစ်ဓာတ်အားတိုးတက်ကောင်းမွန်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဖိုအားပြည့်မီစွာသုံးစွဲနိုင်ရေးအတွက်နှင့် ဌာနပိုင် ထရန်စဖော်မာများ လောင်ကျွမ်းမှုမဖြစ်ပေါ်စေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးတို့အတွက် ထရန်စဖော်မာအသစ်များ တပ်ဆင်ခြင်းကို အမရပူရမြို့နယ်အတွင်းရှိ မှန်တန်းရပ်ကွက်၌ ဇွန် ၁၄ ရက်က ဆောင်ရွက်သည်။

အမရပူရမြို့နယ် မှန်တန်းရပ်ကွက် အေးဇရပ်ခြောက်ပိုင်းတွင် ၁၁/၀.၄ ကေဗွီ (၃၁၅)ကေဗွီအေ ထရန်စဖော်မာတစ်လုံးအား တပ်ဆင်ဆောင်ရွက်ခြင်းကို လွတ်တော်ကိုယ်စားလှယ်များ၊ အမရပူရခရိုင်/ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အမရပူရမြို့နယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)

ကျိုက်ထိုမြို့နယ်၌ ကုန်ထုတ်လမ်း ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

ကျိုက်ထို ဇွန် ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် မုက္ခမူကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများကို ဇွန် ၁၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်ဝိုး၊ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းချမ်းထောနှင့် ဝန်ထမ်းများက မုက္ခမူကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ ၁၉၈၀ တစ်လမ်း၊ pipe culvert နှစ်စင်း ဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၈၁၄ အိမ်၊ လူဦးရေ ၄၀၁၅ ဦး၊ စိုက်ကေ ၅၃၅ ဧက အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။ သုတ

အေးအတူပူအမျှ အသိုက်အဝန်း အရှိန်အဟုန်မြှင့်တင်တည်ဆောက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ် ဇွန်လ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) သွားရောက်ခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို ၂၀၂၆ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် လွန်ခဲ့သည့် (၇၆)နှစ်မှစတင်ကာ တစ်နိုင်ငံအပေါ်တစ်နိုင်ငံ စိတ်ရင်းမှန်ဖြင့် ယုံကြည်အားထားကြပြီး အပြန်အလှန်ပံ့ပိုးကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းများဖြစ်ခဲ့ကြကြောင်းကို နှစ်ဖက်စလုံးက အလေးထားပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံလုံးသည် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုကို အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ကြပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးတွင် တစ်နိုင်ငံကို တစ်နိုင်ငံက ခိုင်မာစွာ ပံ့ပိုးကူညီခဲ့ကြသည်။

ဒေသတွင်း နိုင်ငံတကာအခင်းအကျင်းတွင် ကြီးမားလေးနက်သော အပြောင်းအလဲများဖြစ်ပေါ်နေသည့်အခြေအနေကိုထောက်ရှု၍ နှစ်ဖက်စလုံးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြိုးငါးရပ်ကို စောင့်ထိန်းရန်၊ တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်"ချစ်ကြည်ရေးကို ပိုမိုလက်ဆင့်ကမ်းသယ်ဆောင်ရန်၊ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းမှုတို့အပေါ် အခြေခံ၍ ကဏ္ဍစုံတွင် လက်တွဲကျိုင်း အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်ရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို ဆက်လက်မြှင့်တင်သွားရန်နှင့် နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သောအကျိုးကျေးဇူးများ ဖော်ဆောင်ပေးရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်စလုံးက တစ်နိုင်ငံ၏ အဓိကအကျိုးစီးပွားနှင့် အလေးထားရမည့် အရေးကိစ္စရပ်များတွင် အပြန်အလှန် ခိုင်မာစွာဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားရေး အခြေအနေများနှင့်ကိုက်ညီပြီး ပြည်သူလူထုက ထောက်ခံအားပေးသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတိုင်း ဦးတည်သွားနေခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ နိုင်ငံ၏အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်မှုကို လည်းကောင်း ခိုင်မာစွာပံ့ပိုးကူညီသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်မှ သမ္မတ ရှီကျင့်ဖျင်၏ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေး အဆိုပြုချက်များအပြင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံနှင့် ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုအစီအမံတို့အပေါ် အလေးအနက်တန်ဖိုးထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါမူဘောင်များသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်တိုးတက်ဖြစ်ထွန်းမှုတို့ကို သိသာထင်ရှားစွာ အထောက်အကူပြုကြောင်း မှတ်တမ်းတင်အသိအမှတ်ပြုပါသည်။ နှစ်ဖက်စလုံးသည် နိုင်ငံရေးအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှု၊ နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဟန်ချက်ညီပြီး အပြန်အလှန်အားဖြည့်ပေးမည့် လုံခြုံရေးနှင့် အပြန်အလှန်ပေါင်းစည်းပေးမည့် ကူးလူးဆက်ဆံမှုများ ဖော်ဆောင်လျက် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမှု၊ တန်းတူညီမျှမှုရှိရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုဟူသော ရည်မှန်းချက်များအပေါ် အခြေခံ၍ "တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း"ကို အတူတကွပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုအရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တွင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအတွက် အကျိုးစီးပွားများကို ဆောင်ကြဉ်းပေးမည့် ကဏ္ဍပေါင်းစုံ သဘောတူညီချက်များကို ကျယ်ကျယ်ပြန့်ပြန့် စုံစုံလင်လင် သဘောတူညီချက်များပါဝင်ပြီး ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကိုဖြင့်တင်ရေး၊ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို ရှေ့ဆက်ဖော်ဆောင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို ကျဉ်းမြောင်းစေရေးနှင့် ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့် ဒေသတစ်ခုဖြစ်ပေါ်လာစေရေး ပါဝင်ပံ့ပိုးရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ကြပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုအရှိန်အဟုန်မြှင့်တင်ရေးတို့ကို နှစ်နိုင်ငံအလေးအနက် သဘောတူညီခဲ့ပါကြောင်း။ ။

၁၈ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀ ဖြစ်သည်။** **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၈ - ၆ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၆,၀၀၀	၁၆,၀၀၀	၁,၁၄၂	၁၈,၂၉၃,၀၀၀
MTSH	၈,၄၀၀	၈,၄၀၀	၇,၂၇၆	၆၁,၁၁၈,၄၀၀
MCB	၁၂,၅၀၀	၁၂,၀၀၀	၁,၃၇၇	၁၆,၅၅၇,၀၀၀
FPB	၆,၈၀၀	၇,၃၀၀	၃,၆၁၀	၂၆,၁၃၂,၉၀၀
TMH	၃,၄၅၀	၃,၄၀၀	၈	၂၇,၂၅၀
EFR	၁,၉၀၀	၂,၀၀၀	၂,၅၈၉	၄,၉၆၃,၈၀၀
AMATA	၄,၀၀၀	၃,၉၅၀	၄၅၂	၁,၇၉၀,၁၀၀
MAEX	၆,၀၀၀	၆,၀၀၀	၂,၇၅၀	၁၆,၅၃၃,၄၀၀
MADPL(PLB)	၇,၅၀၀	၇,၅၀၀	၁,၃၃၃	၉,၉၆၇,၅၀၀
ASPGB(PLB)	၆၇,၀၀၀	၆၈,၀၀၀	၁,၇၇၈	၁၁၉,၈၀၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသုံးသပ်သည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိမိဖြဴအောင်၊ ခင်မျိုးနိုင်၊ မာဓာစိုး၊ နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နိုလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင်းအဖွဲ့


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၃၀၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်သည် နိုင်ငံတော်အဆင့် စက်မှုဇုန်ဖြစ်ပြီး ကြီးမားသော စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်မည်ဖြစ်

❖ ရှောင်ယန်ရှန်ကျွန်းသည် လွတ်လပ်သော ကုန်သွယ်ရေးဇုန်၏ ပုံပိုးမှုဖြင့် နယ်စပ်ဖြတ်ကျော် ထောက်ပံ့ပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့်ဇုန်ဖြစ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုန်ဟိုင်းမြို့ လင်းကန်အထူးဇုန်ဧရိယာ ပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရုန်ဟိုင်းမြို့ Hongqiao Railway Station ၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ လင်းကန်အထူးဇုန်ဧရိယာ (Shanghai Lingang Special Area)၊ Dishui Cloudhall Planning Exhibition Centre သို့ ရောက်ရှိကြရာ လင်းကန် အထူးဇုန်ဧရိယာ ပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Zhao Yi Huai နှင့် တာဝန်ရှိသူများက လှိုက်လဲစွာ နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Exhibition Centre အတွင်း၌ ပါတီလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လင်းကန်အထူးဇုန်၏ ဖွံ့ဖြိုးတိုးတက်လာမှုဆိုင်ရာ မှတ်တမ်း Video Clip ကို ဖွင့်လှစ်ပြသသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Exhibition Centre အတွင်း လှည့်လည်၍ လင်းကန်အထူးဇုန်၏ နယ်မြေအကျဉ်းချုပ်နှင့် ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ ရေနက်ဆိပ်ကမ်း တည်ဆောက်ထားရှိမှုနှင့် လင်းကန်စက်မှုဇုန် မြေပုံ တည်ဆောက်ထားရှိမှု ပုံစံငယ်များ၊ Tesla ကုမ္ပဏီနှင့် Shanghai Motor တို့ ပူးပေါင်းဆောင်ရွက်မှုများ၊ အာကာသနည်းပညာ စက်ပစ္စည်းများကို လိုက်လံကြည့်ရှု လေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည် မေးမြန်းဆွေးနွေးသည်။

အဆိုပါ လင်းကန်အထူးဇုန်ဧရိယာသည် ဂျင်ဟွေဆိပ်ကမ်း၏ အရှေ့ဘက် ရှောင်ရန်ရှန်း (Xiaoyangshan) ကျွန်းနှင့် ဖူတုန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ တောင်ဘက်တွင် တည်ရှိပြီး စုစုပေါင်းဧရိယာ ၈၁၉ စတုရန်းကီလိုမီတာရှိကြောင်း၊ အထူးဇုန်ဧရိယာသည် နိုင်ငံတကာ အသိအမှတ်ပြု၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်ဖြစ်ကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဖွားရေးလည်ပတ်မှုနှင့် ကုန်ပစ္စည်းတင်သွင်း တင်ပို့မှုများကို လွယ်ကူချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးကွန်ရက်ကို လုပ်ဆောင်ပေးသည့် ဒေသဖြစ်ကြောင်း၊ အထူးဇုန်ဧရိယာအတွင်း နန်ဟွေမြို့သစ်၊ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်၊ ရှောင်ယန်ရှန်ကျွန်း၊ ပူတုန်လေဆိပ်၏ တောင်ဘက် ဧရိယာတို့သည် စမ်းသပ်ဧရိယာများ ဖြစ်လာမည် ဖြစ်ပြီး နန်ဟွေမြို့သစ်သည် အလယ်ဗဟိုတွင် Dishui ရောက်ပါရှိသော စက်ပိုင်းပုံမြို့ဖြစ်လာမည်ဖြစ်ကြောင်း၊ လင်းကန်ပစ္စည်းကိရိယာစက်မှုဇုန်သည် နိုင်ငံတော်အဆင့် စက်မှုဇုန်ဖြစ်ပြီး ကြီးမားသော စက်ပစ္စည်းကိရိယာများကို ထုတ်လုပ်မည် ဖြစ်ကြောင်း၊ ရှောင်ယန်ရှန်ကျွန်းသည် လွတ်လပ်သော ကုန်သွယ်ရေးဇုန်၏ ပုံပိုးမှုဖြင့် နယ်စပ်ဖြတ်ကျော်ထောက်ပံ့ပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည့် ဇုန်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ရုန်ဟိုင်းမြို့ Hongqiao Railway Station မှ ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာရာ ရုန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် သမ္မတသည် ရုန်ဟိုင်းမြို့မှ ဟန်ကျိုးမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ Green Energy အသုံးပြုထားရှိမှုများ၊ မြို့ပြအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရထားလမ်းတစ်လျှောက် သာယာလှပမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့သည် ဟန်ကျိုးမြို့ Hangzhou East Railway Station သို့ ရောက်ရှိကြရာ ဟန်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဆေးကုသရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၈

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ လက်အောက်ရှိ ဆေးကုသရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆေးကုသရေးအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ရှေ့ဆက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဆွေးနွေးမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



မြစ်ကြီးနားမြို့၌ ကျောင်းသား ကျောင်းသူများ Placement Test စာမေးပွဲဖြေဆို

မြစ်ကြီးနား ဇွန် ၁၈

မြစ်ကြီးနားမြို့ အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အထူးအစီအစဉ် Placement Test စာမေးပွဲကို စာစစ်ဌာနဖွင့်လှစ်၍ ဖြေဆိုလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်သည် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ ကျောင်းသားကျောင်းသူများ Placement Test စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး စာမေးပွဲကြီးကြပ်ရေးအဖွဲ့များအတွက် ချိုးမြှင့်ငွေများ ပေးအပ်သည်။



အဆိုပါ စာမေးပွဲအတွက် ကချင်ပြည်နယ်အတွင်း ခရိုင် ခြောက်ခရိုင် အနက် ခရိုင် ငါးခရိုင်၌ မြို့နယ် ၁၀ မြို့နယ်တွင် စာစစ်ဌာန ၂၁ ခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❍ ရန်ကုန်မှ

၅၇ နှစ်အရွယ် အမျိုးသမီး၊ ကျောက်ဆည်မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသားနှင့် ရွှေဘိုမြို့နယ်မှ ၅၃ နှစ်အရွယ် အမျိုးသား စုစုပေါင်း ခြင်ဆီကင်ဆာလူနာ လေးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး လူနာများအားလုံး ကျန်းမာရေးကောင်းမွန်သဖြင့် ဇွန် ၁၂ ရက်တွင် ဆေးရုံဆင်းခွင့် ရရှိပြီးဖြစ်သည်။

အဆိုပါခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ရှစ်ဦး စုစုပေါင်း ၃၃ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများကျန်းမာရေးအတွက် ကုန်ကျစရိတ်သက်သာစေရေး ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်





စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “Myanmar-China Investment and Trade Networking Summit” (MCITP – 2026) Shanghai ကို ဒီဂျစ်တယ် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရှန်ဟိုင်းမြို့တွင် ကျင်းပပြုလုပ်သည့် “Myanmar-China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြင့်တင်နိုင်ရေး ဆွေးနွေးပြောကြား

နေပြည်တော် ဇွန် ၁၈

၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ၅ နှစ်တာကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အကောင်းမွန်ဆုံး တိုးတက်မြင့်မားလာစေရန်နှင့် မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံသို့ ကုန်သွယ်မှုမြှင့်တင်နိုင်ရန် အတွက် ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိလာရာ ဟိုတယ်မှ တာဝန်ရှိသူများက ပန်းစည်းကမ်း၍လည်းကောင်း၊ တရုတ်ရိုးရာ ခြင်္သေ့၊ နဂါး ရိုးရာအကများ ဖြင့်လည်းကောင်း၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ရည်ရွယ် ကျင်းပပြုလုပ်သည့် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှန်ဟိုင်းမြို့ လင်းကန် အထူးဇရိယာရှိ Radisson Collection Lingang Shanghai ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် ချီးမြှင့်ဖွင့်လှစ်ပြီး နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ပိုမိုမြင့်တင်နိုင်ရေး အတွက် ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ ရောက်ရှိလာရာ ဟိုတယ်မှ တာဝန်ရှိသူများက ပန်းစည်းကမ်း၍လည်းကောင်း၊ တရုတ်ရိုးရာ ခြင်္သေ့၊ နဂါး ရိုးရာအကများ ဖြင့်လည်းကောင်း၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအသင်း (MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များက ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီမှ နှစ်နိုင်ငံအလံများကို ဝှေ့ယမ်း၍ လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ကို ဒီဂျစ်တယ် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု မြှင့်တင်ရေးအသင်း (MCITP)မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံ၏ စီးပွားရေး အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လုပ်ငန်းရှင်ကြီးများ၊ မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင်များသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai ဖွင့်ပွဲ အဆိုပါ “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai အတွင်း မြန်မာ–တရုတ် ကုမ္ပဏီများမှ ကဏ္ဍစုံလင်စွာ ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ခံများ၏ ရှင်းလင်းမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)မှ တာဝန်ရှိသူများနှင့်အဖွဲ့ဝင်များ၊ မြန်မာ – တရုတ် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၆၀၀ ခန့် တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် Myanmar–China Investment and Trade Networking Summit (MCITP – 2026) Shanghai အတွင်း မြန်မာ–တရုတ် ကုမ္ပဏီများမှ ကဏ္ဍစုံလင်စွာ ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။

အဆိုပါ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP) က ကြီးမှူးကျင်းပပြုလုပ်သည့် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai တွင် မြန်မာ–တရုတ်ကုမ္ပဏီများက ပြခန်းပေါင်း ၃၅ ခန်းကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားရှိပြီး ယခုကဲ့သို့ နှစ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများအား ပြသနိုင်ခြင်းအားဖြင့် မြန်မာ – တရုတ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍသစ်များ တိုးချဲ့ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းများကို ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် “Myanmar – China Investment and Trade Networking Summit” (MCITP – 2026) Shanghai သို့တက်ရောက်လာကြသည့် မြန်မာ – တရုတ် စီးပွားရေး လုပ်ငန်းရှင်များအား Dishui Lake Ballroom ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ထိုသို့ အမှာစကားပြောကြားရာတွင် ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်ခဲ့သည့် မြန်မာ–တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးသည် (၇၅) နှစ်မြောက် စိန်ရတုမှတ်တိုင်ကိုပင် ကျော်လွန်ကာ ယခုဇွန်လတွင်(၇၆) နှစ် ပြည့်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာ – တရုတ် နှစ်နိုင်ငံသည် အစဉ်ချစ်ကြည်ရင်းနှီးသည့် အပြန်အလှန်အမှီပြုနေသည့် အိမ်နီးချင်းကောင်းများ ဖြစ်ပါကြောင်း၊ အေးအတူပူအမျှ အသုံကဲအဝန်း တည်ဆောက်ရာတွင် အရေးပါသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ထို့ကဲ့သို့ နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှု၊ လေးစားယုံကြည်မှုတို့သည် မိမိတို့နှစ်နိုင်ငံယဉ်ကျေးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ခရီးလမ်းအတွက် ခိုင်မာလှသည့် အခြေခံအုတ်မြစ်ကြီးတစ်ခု ဖြစ်ပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် ဒီဂျစ်တယ်နည်းလမ်းနှင့်အညီ ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည့်အစိုးရသစ်ကို ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း၊ အစိုးရသစ်အနေဖြင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမကြီး (Belt and Road Initiatives – BRI) စီမံကိန်းနှင့် မြန်မာ–တရုတ် စီးပွားရေးစင်္ကြံ (CMEC)တွင် မဟာဗျူဟာမြောက် ဝင်ပေါက် (Strategic Gateway)၊ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နေရာတစ်ခု ဖြစ်ပါကြောင်း။

ယခုခရီးစဉ်သည် တရုတ်နိုင်ငံ၏ “Belt and Road” Initiatives စီမံကိန်း၊ မြန်မာ–တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းများ၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP)တို့မှတစ်ဆင့် နှစ်နိုင်ငံ ပြည်သူများအား အကျိုးပြုစေမည့်ရလဒ်များ ဖြစ်ပေါ်စေရေး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဖော်ဆောင်ရန်နှင့် မြန်မာနိုင်ငံ အနေဖြင့်လည်း ဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန် မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ ↛

✣ စာမျက်နှာ ၄ မှ

ထို့အတူ တရုတ်နိုင်ငံ၏ စီးပွားရေးအချက်အချာလည်း ဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍများတွင် ထိပ်တန်းမှ ရပ်တည်နေသည့်အပြင် ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ရှန်ဟိုင်းဆိပ်ကမ်း၊ အဆင့်မြင့်လေဆိပ်၊ မီးရထားလမ်းကွန်ရက်များ ပိုင်ဆိုင်ထားသည့် ရှန်ဟိုင်းမြို့မှ လုပ်ငန်းရှင်များနှင့် မိမိတို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ အတူတကွပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ် နိုင်ရန်ဖြစ်ပါကြောင်း၊ ရှန်ဟိုင်းအပါအဝင် တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံမှ အရည်အသွေးမြင့် ကုန်စည်များဖြစ်သည်ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံတို့ကို ပိုမိုတင်ပို့နိုင်မည့် ကုန်သွယ်မှုလမ်းကြောင်းများ ပိုမိုပွင့်လန်းလာစေရန်နှင့် ဒီဂျစ်တယ်စီးပွားရေး (Digital Economy)၊ အီလက်ထရွန်နစ်ကုန်သွယ်မှု (E- commerce) နှင့် ဆန်းသစ်တီထွင်မှု (Innovation) အပိုင်းများတွင် ရှန်ဟိုင်း၏ အဆင့်မြင့်နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းပြီး မြန်မာ့နည်းပညာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများ ဖော်ထုတ်နိုင်ရန်ကိုလည်း ရည်ရွယ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “Myanmar – China Investment and Trade Networking Summit” (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် မြန်မာ – တရုတ် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံသည် သဘာဝတည်နေရာအရ ကမ္ဘာလှည်းရေအများဆုံး အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လူဦးရေများပြားသည့် ကြီးမားပါကြောင်း၊ တရုတ်လုပ်ငန်းရှင်များ အနေဖြင့်လည်း မိမိနိုင်ငံ၏ဈေးကွက်၊ စားသုံးသူလိုအပ်ချက်၊ သက်ဆိုင်ရာဌာနများ၏ စံသတ်မှတ်ချက်များကို ပိုမိုသိရှိပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွင် ဖက်စပ် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ အကျိုးရှိစေမည့် Value Chain ကို ဖန်တီးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းအတွက် လိုအပ်သည့် ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို ပြည်ပက တင်သွင်းလျက်ရှိပါကြောင်း၊ အလားတူ နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ရှိလာစေရေး ပြည်တွင်း၌ လိုအပ်ချက်ရှိနေပါကြောင်း၊ တရုတ်နိုင်ငံသည် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်မှုတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုများ ထွန်းကားပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုအနေဖြင့် ဆေးပစ္စည်းကိရိယာထုတ်လုပ်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာရှိပါကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့်ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း နှစ်မျိုးစလုံးအသုံးပြုနိုင်သည့်ဘင်္ဂလားဒေ့ရှ်– တရုတ်–အိန္ဒိယ–မြန်မာ (BCIM) စီးပွားရေးစင်္ကြံနှင့်တရုတ်–အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းအောက်တွင် နှစ်နိုင်ငံ အကျိုးကျေးဇူးများစွာ ရရှိစေနိုင်မည့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor – CMEC)ကို တည်ထောင်ဆောင်ရွက်လျက်ရှိပြီး CMEC ၏ အဓိကကျသည့် အစိတ်အပိုင်းဖြစ်သည့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အဆိုပါ စီးပွားရေးစင်္ကြံများတစ်လျှောက် အထူးစီးပွားရေးဇုန်များ (SEZs)၊ စက်မှုဇုန်များနှင့် ထောက်ပံ့ဆောင်ရေး အခြေခံအဆောက်အအုံ (Logistics Hubs)များတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ရှိနေပါကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် မန္တလေးလျားရထားကြီး၏ သက်ရောက်မှုခံခဲ့ရသည့် အခြေခံအဆောက်အအုံများ ပြန်လည်ဖြည့်ဆည်းထူထောင်ရာတွင်လည်း ဖက်စပ် ရင်းနှီးမြှုပ်နှံမှုပုံစံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများလည်းရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရေနံနှင့် ဓာတ်ငွေ့ထွက်ရှိသည့် နိုင်ငံဖြစ်သော်လည်း ရေနံသန့်စင်ထုတ်လုပ်သည့် အဆင့်မြင့်နည်းပညာလိုအပ်ချက်ရှိပြီး လောင်စာဆီနှင့် ရေနံထွက်ပစ္စည်းများကို ပြည်ပမှ အမြောက်အမြား တင်သွင်းလျက်ရှိပါကြောင်း၊ ထို့ကြောင့် ရေနံသန့်စင်ထုတ်လုပ်ခြင်းနှင့် ရေနံထွက်ပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လို ကြောင်း၊ တရုတ်နိုင်ငံသည် စွမ်းအင်သစ် ထုတ်လုပ်မှုတွင် အောင်မြင်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်ပြီး မိမိတို့မြန်မာနိုင်ငံ အနေဖြင့် လျှပ်စစ်စွမ်းအားမူဝါဒများကို ချမှတ်ကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိနေပါကြောင်း။

မြန်မာနိုင်ငံတွင် လျှပ်စစ်သုံးယာဉ်များ (EV) တိုးတက်အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပြီး လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ (EV Policy) ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ဘက်ထရီ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် EV Charger၊ Spare Parts နှင့် Battery တို့ကို ရာခိုင်နှုန်းအချို့ အလိုက် အကောက်ခွန်နှုန်းများ လျှော့ချ ပေးထားပါကြောင်း၊ လျှပ်စစ်သုံး အများပြည်သူသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ (Electric Public Transportation Services)၊ လျှပ်စစ်တက္ကစီနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများ (Electric Taxi & Cargo Logistics Services) နှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း မြှင့်တင်ဆောင်ရွက်လိုပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ထိပ်တန်းရောက်နေပြီဖြစ်သည့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကို အားပေးလျက်ရှိပြီး နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လေစွမ်းအင်အသုံးပြုသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများ၌လည်း လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ အဆိုပါ လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများသည် မြန်မာနိုင်ငံ၏ ဦးစားပေး ကဏ္ဍများဖြစ်သည့် အတွက် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များကိုလည်း ခံစားရရှိနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှု လုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ် ဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံ၏လက်ရှိ လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ အများပြည်သူသယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်သုံးယာဉ် ထုတ်လုပ်ခြင်း၊ ဘိလပ်မြေထုတ်လုပ်ခြင်း၊ သံမဏိထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများကိုလည်း အားပေးဖိတ်ခေါ်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်တွင်း ထွက်ကုန်များကို အခြေခံသည့် အဆင့်မြင့် ရော်ဘာထုတ်လုပ်ခြင်း၊ ရော်ဘာအခြေခံ တာယာနှင့် ပရိဘောဂပစ္စည်းများ ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာအောင် အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရွေးကောက်ခံ အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဝန်းကျင်နှင့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အလေးထား ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် စည်းမျဉ်း လုပ်ထုံးလုပ်နည်းများကို ပြန်လည် ဆန်းစစ်ပြီး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူ လျင်မြန်အောင် ဒီဂျစ်တယ်စနစ် (Digital Transformation) သို့ အသွင်ကူးပြောင်း ဆောင်ရွက်လျက်ရှိရာ မြန်မာ ဒီဂျစ်တယ်လမ်းပြမြေပုံ ၂၀၃၀ ကို ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ အလယ်ပိုင်း တောင်ပေါ်ဒေသတွင် မြေဧရိယာ ၁၀၀၀၀ ဧကခန့် ကျယ်ဝန်းသည့် ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းအဖြစ် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ထို့ကြောင့် e-commerce နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှု အားကောင်းပြီးဖြစ်သည့် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများ ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများစွာ ရှိနေပြီး အိမ်နီးချင်း ဆွေမျိုးပေါက်ဖော် မဟာဗျူဟာမြောက် ဆက်ဆံရေးတို့အရ နှစ်နိုင်ငံကုန်သွယ်မှုသာမက ရင်းနှီးမြှုပ်နှံမှုမှာ ပူးပေါင်းဆောင်ရွက်ရန်

စာမျက်နှာ ၆ သို့ ✣

❖ မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုများကို အလေးထားဖိတ်ခေါ်လျက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေး၊ နည်းပညာနှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို ဦးစားပေးအဖြစ် သတ်မှတ်ဖိတ်ခေါ်လျက်ရှိ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် နေ့လယ်စာ အတူတကွသုံးဆောင်နေစဉ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

+ စာမျက်နှာ ၅ မှ

အခွင့်အလမ်းများ အနေဖြင့် လက်ရှိအခြေအနေထက် များစွာ တိုးတက်ရန်ရှိနေကြောင်း၊ အဆိုပါ အလားအလာများကို လက်တွေ့ အကောင်အထည် ဖော်နိုင်ရေး အတွက် မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကို ပိုမို နီးကပ်စွာ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

စီးပွားရေး လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ချိတ်ဆက် လုပ်ကိုင်နိုင်ရေးသည် လုပ်ငန်းရှင် များအတွက် အရေးကြီးသည်ကို ကောင်းစွာ သိရှိပါကြောင်း၊ ထို့ကြောင့် ဆက်လက်ပြီး မိမိတို့ ၏ မိတ်ဖက်တရုတ်နိုင်ငံမှ စီးပွား ရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး ဆောင် ရွက်ချက်အချို့ကို မျှဝေလိုပါ ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ် မှု မြှင့်တင်ရန်နှင့် ပိုမိုအဆင်ပြေ ချောမွေ့စေရေးအတွက် ပင်လယ် ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးစနစ်များ အဆင့်မြှင့်တင်နိုင်ရေးနှင့်ပြန်လည် ဖွင့်လှစ်နိုင်ရေး တို့ကိုလည်း အလေးထား ဆောင်ရွက်နေပါ ကြောင်း၊ နှစ်နိုင်ငံလယ်ယာထွက် ကုန်များ ပိုမိုတင်ပို့ရောင်းချနိုင် ရေးအတွက် နှစ်နိုင်ငံအကြား SPS Protocol များ လက်မှတ် ရေးထိုးနိုင်ရေး အပြန်အလှန်ညှိနှိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့အတူ တရုတ်နှင့်မြန်မာ နှစ်နိုင်ငံ အကြား ကုန်သွယ်မှုမြှင့်တင်ရေး နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန် ချောမွေ့စေရေးအတွက် ၂၀၂၁ ခုနှစ်တွင် ယွမ်ငွေကို မြန်မာနိုင်ငံ အတွင်း လိုင်စင်ရဘဏ်များနှင့် ငွေလဲ ကောင်တာများတွင် တရားဝင် ရောင်းဝယ်ခွင့်ပြုခဲ့ပြီး မြန်မာ–တရုတ် နယ်စပ်ဒေသတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေ ကို တရားဝင်တိုက်ရိုက်အသုံးပြု ပေးချေခွင့်ပြုခဲ့ပါကြောင်း၊ ယင်း စနစ်သည် နှစ်နိုင်ငံငွေကြေး ဖြစ်သည့် ယွမ်–ကျပ် တိုက်ရိုက် ငွေပေးချေမှုဖြစ်သည့် အတွက် စရိတ်စက သက်သာစွာဖြင့် ဆောင်ရွက်နိုင်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုသာမက နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တို့အတွက် များစွာအထောက် အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

အလားတူ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် မိမိတို့အနေဖြင့် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်မှစပြီး မိမိတို့မြန်မာနိုင်ငံတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အဓမ္မိကန် ဒေါ်လာဖြင့်သာမက ယွမ်ငွေကြေး ဖြင့်လည်း စတင်လက်ခံဆောင် ရွက်နေပြီဖြစ်သည့်အတွက် တရုတ် နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံ ရန်အတွက် ပိုမိုလွယ်ကူအဆင်ပြေ နိုင်မည်ဖြစ်ကြောင်းကို အသိပေး လိုပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံ မှုများကို အကာအကွယ်ပေးနိုင် ရေးအတွက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ တို့သည် ၂၀၂၄ ခုနှစ်တွင် အပြည့် အဝ အသက်ဝင် လည်ပတ်နေပြီ ဖြစ်သည့်အပြင် မြန်မာ – တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် အကာအကွယ် ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုထားပါကြောင်း။

ထို့ကြောင့် မြန်မာ–တရုတ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက် လာစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဆေး ပစ္စည်း ကိရိယာထုတ်လုပ်မှု၊ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၊ လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်မှု၊ ရေနံနှင့် ရေနံထွက်ပစ္စည်း ထုတ်လုပ်မှု၊ e-commerce နှင့် ဒီဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများ တွင် တရုတ်နိုင်ငံမှ လုပ်ငန်းရှင် များ မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် အထူး ဖိတ်ခေါ်လိုကြောင်း၊ မိမိတို့အနေ ဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ရာတွင် ရေရှည်တည်တံ့မည့်ဂေဟ စနစ်နှင့် စီးပွားရေးဟန်ချက်ညီမှု ကိုလည်း အလေးထားဆောင်ရွက် လျက်ရှိပြီး တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများ ထုတ်လုပ်မှု တရုတ် (Responsible Investment) လုပ်ငန်းများကို ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အကာအကွယ်ပေးမည် ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ တွင်ရှိသည့် တရုတ်ရင်းနှီးမြှုပ်နှံ သူများ၏ အဆင်ပြေချောမွေ့စေ ရေးကိုလည်း ပံ့ပိုးကူညီပေးသွား မည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ ၏ မဟာဗျူဟာနှင့် စီးပွားရေး တိုးတက်မှု အလားအလာများ အတွက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်သို့ ဆက်သွယ်ချိတ် ဆက်ပေးထားသည့် ပေါင်းကူး တံတားသဖွယ် ဖြစ်ပါကြောင်း၊ ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ–တရုတ် နှစ်နိုင်ငံအကြား အေးအတူပူအမျှ ချစ်ကြည်ရင်းနှီး စွာ ပူးပေါင်းဆောင်ရွက်မှု၊ ဖြစ်ထွန်းလာနိုင်သည့် အနာဂတ် အလားအလာများကို ဆွေးနွေးခွင့် ရသည့်အတွက် အထူးဝမ်းမြောက် ပါကြောင်း၊ တရုတ်နိုင်ငံ၏ ဒေးကွက်၊ အဆင့်မြင့်နည်းပညာ များနှင့် မြန်မာနိုင်ငံ၏ တည်နေရာ အချက်အချာ၊ သဘာဝသယံဇာတ အရင်းအမြစ်၊ လူစွမ်းအားအရင်း အမြစ်တို့ကို အထိရောက်ဆုံး ပေါင်းစပ်နိုင်မည့် ကဏ္ဍများကို ရွေးချယ်ကာ မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံဆောင် ရွက်နိုင်ပါကြောင်း၊ ယနေ့တွေ့ဆုံ မှုမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ် မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့် ရေးအတွက် တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လိုပါကြောင်း၊ မိမိတို့နိုင်ငံ မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ပြန်လည် တင်ပို့ရောင်းချနိုင်သည့် ဒေးကွက် လည်းရှိပြီး ကျောက်ဖြူရေနက် စီမံကိန်းမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမို မြှင့် တင်ဆောင်ရွက်နိုင်ပါကြောင်း၊ နှစ်နိုင်ငံကြား သာတူညီမျှ ပူးပေါင်းဆောင်ရွက်မှုနှင့် နှစ်ဦး နှစ်ဖက် ရေရှည်မျှဝေခံစားကြမည့် အခြေအနေကို ဖော်ဆောင်သွားရ မည်ဖြစ်ပါကြောင်း၊ သမိုင်း စာမျက်နှာသစ်ကို အတူတကွ ဖွင့်လှစ်နိုင်ပြီး နှစ်နိုင်ငံပြည်သူ များအတွက်လည်း ဖွံ့ဖြိုးဝေစည် သည့်အနာဂတ်ကို အစဉ်လက်တွဲ ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါ ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက် လာကြသည့် မြန်မာ–တရုတ် စီးပွားရေး လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ သဘာဝဘေး အန္တရာယ် ကာကွယ်တားဆီးရေး၊ လျော့ပါးစေရေးနှင့် ငလျင်ဘေး အန္တရာယ် အလွန်ပြန်လည် ထူထောင်ရေးဆိုင်ရာများ၊ မြန်မာ နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ရေအားလျှပ်စစ်နှင့် ရေနက် ဆိပ်ကမ်းများ တည်ဆောက်ရေး ကဏ္ဍ၊ လူသားအရင်းအမြစ် ပြုစုပျိုးထောင်ရေး ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စ ရပ်များ၊ မြန်မာနိုင်ငံတွင် လာ ရောက် ရင်းနှီးမြှုပ်နှံမှုများအပေါ် တွင် မူဝါဒပိုင်းဆိုင်ရာအရ ပံ့ပိုး ကူညီမှုများ ဆောင်ရွက်ပေးနိုင် မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးတင်ပြကြသည်။

ထိုကဲ့သို့ မေးမြန်းတင်ပြလာမှု များအပေါ် ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဒေါက်တာ ကံဇော်နှင့် ဒေါက်တာချာလီသန်း တို့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ပြောကြားကြပြီး နိုင်ငံတော် သမ္မတက ပြန်လည်ရှင်းလင်း ဆွေးနွေးရာတွင် လုပ်ငန်း ဆက်လက် အကောင်အထည်ဖော် ရန် အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်နေရသည့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် အကျိုး ဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းကြီး များအား အမြန်ဆုံးပြန်လည်စတင် နိုင်ရေး အဆိုပါဒေသများ၌ လုံခြုံ ရေးနှင့် နယ်မြေဒေသတည်ငြိမ် အေးချမ်းရေး လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက် သွားရန်လိုကြောင်း၊ အာကာသ နည်းပညာပိုင်း ဆိုင်ရာများတွင် လူသား အရင်းအမြစ်များ မွေးထုတ် ပေးနိုင် ရေးအတွက် လည်း ပူးပေါင်းဆောင်ရွက်သွား ရန် မြန်မာနိုင်ငံအနေဖြင့် ဆန္ဒ ရှိပြီး ပူးပေါင်းမှုများ ဆောင်ရွက် ရန်အတွက် ဖိတ်ခေါ်မှုအား ကြိုဆို ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ကဏ္ဍပေါင်းစုံ၌ နည်းပညာပိုင်း ဆိုင်ရာများတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်ကို တွေ့မြင်ရပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်ကြမည်ဆိုပါကလည်း နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြု၍ လာရောက်ရင်းနှီး မြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့် စျေးကွက်ခိုင်မာ မှုတို့ကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဟု အကြံပြုလိုကြောင်းနှင့် အခြား သိရှိရန် လိုအပ်သည်များကို ပြန်လည် ဆွေးနွေးပြောကြား သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ သည် “Myanmar–China Investment and Trade Networking Summit” (MCITP–2026) Shanghai တက်ရောက်လာ ကြသည့် စီးပွားရေးလုပ်ငန်းရှင် များနှင့် သီးခြားစီတွေ့ဆုံဆွေးနွေး မှုများ ဆောင်ရွက်ခဲ့ပြီး မြန်မာ နိုင်ငံနှင့် တရုတ်နိုင်ငံအကြား ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍတို့အပါအဝင် ကဏ္ဍပေါင်းစုံ၌ စီးပွားရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။


တွေ့ဆုံ ဆွေးနွေးမှုများအပြီး တွင် နိုင်ငံတော်သမ္မတသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai သို့ တက်ရောက်လာကြသည့် စီးပွား ရေးလုပ်ငန်းရှင်များနှင့် နေ့လယ် စာ အတူတကွသုံးဆောင်ခဲ့ကြရာ နေ့လယ်စာ သုံးဆောင်နေစဉ် အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့စီးပွားရေးနှင့် ဆက်နွယ် သော တေးသရုပ်ဖော်အကအလှ ဖျော်ဖြေမှုများဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် “Myanmar–China Investment and Trade Networking Summit” (MCITP – 2026) Shanghai အခမ်းအနားမှ ပြန်လည်ထွက်ခွာ ရာ မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံ မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး အသင်း(MCITP)မှ တာဝန်ရှိသူ များနှင့် အဖွဲ့ဝင်များ၊ မြန်မာ–တရုတ် စီးပွားရေးလုပ်ငန်းရှင် များက နွေးထွေးစွာ ပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သိရ သည်။ **သတင်းစဉ်**

✧ တရုတ်နိုင်ငံ၏ ဒေးကွက်၊ အဆင့်မြင့်နည်းပညာများနှင့် မြန်မာနိုင်ငံ၏ တည်နေရာအချက်အချာ၊ သဘာဝသယံဇာတအရင်းအမြစ်၊ လူစွမ်းအား အရင်းအမြစ်တို့ကို အထိရောက်ဆုံး ပေါင်းစပ်နိုင်မည့်ကဏ္ဍများကို ရွေးချယ်ကာ မြန်မာနိုင်ငံ၌ လာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်

✧ ယနေ့တွေ့ဆုံမှုမှတစ်ဆင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက် တရုတ်နိုင်ငံမှ လာရောက် ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လို

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူးက လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်တို့ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ၆နှစ် ၁၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် ကျဲ့ကျန်း ပြည်နယ်ပါတီ အတွင်းရေးမှူး မစ္စတာဝမ်ဟောက်က ခေတ္တ တည်းခိုလျက်ရှိသည့် ဟန်ကျိုးမြို့၊ Huajia Shanzhuang ဟိုတယ် ဧည့်ခန်းမဆောင်၌ လာရောက် ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျဲ့ကျန်း ပြည်နယ်ပါတီအတွင်းရေးမှူးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ် (State Visit) လာရောက်မှုအပေါ် လှိုက်လဲ နွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့် အတွက်လည်း များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း နှင့် ကျဲ့ကျန်းပြည်နယ်တွင် နေထိုင် သည့် ဒေသခံလူဦးရေ ၆ဂု သန်း ကျော် ကိုယ်စား အဆွေတော် သမ္မတကြီးကို လှိုက်လှိုက်လဲလဲ ကြိုဆိုပါကြောင်း၊ မိမိတို့သမ္မတကြီး အနေဖြင့် တရုတ်-မြန်မာ ချစ်ကြည် ရေးကို လွန်စွာအလေးထားပြီး အဆွေတော် သမ္မတကြီးနှင့် မိမိတို့သမ္မတကြီးတို့သည် တွေ့ဆုံ ဆွေးနွေးမှုများစွာကို လည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ကျဲ့ကျန်းပြည်နယ်သို့ ပထမဆုံး အကြိမ်ရောက်ရှိခြင်းဖြစ်သည်ဟု မိမိအနေဖြင့် သိရှိရပြီး ပြည်နယ် ဆိုင်ရာ အချက်အလက်များကို တင်ပြလိုပါကြောင်း၊ ကျဲ့ကျန်း ပြည်နယ်သည် သွင်းကုန်၊ ထုတ်ကုန် ပမာဏကြီးမားသည့် ဒေသဖြစ်ပြီး ဆန်းသစ်တီထွင်မှု အရည်အသွေး မြင့်မားသည့် လုပ်ငန်းပေါင်း များစွာကိုလည်း ပိုင်ဆိုင်ထားရှိ ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားကောင်းသည့် ဒေသဖြစ်ပါ ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာ နိုင်ငံတို့သည် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန် အဟုန်ဖြင့် အားကောင်းလာလျက် ရှိပြီး ကျဲ့ကျန်းပြည်နယ်နှင့် မြန်မာ နိုင်ငံအကြား၌လည်း စီးပွားရေး နှင့် ယဉ်ကျေးမှုပိုင်းဆိုင်ရာများ တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာလျက်ရှိပါကြောင်း၊ မိမိတို့ကျဲ့ကျန်းပြည်နယ် အစိုးရ အနေဖြင့် နှစ်နိုင်ငံအကြား သဘော တူညီချက်များကို အောင်မြင် အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေး အတွက်လည်း လိုအပ်သည် တို့ ဆုံဆွေးနွေးမှုများနှင့် ကူးလူး ဆက်ဆံခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ယခု ကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စား လှယ်အဖွဲ့ဝင်များအား လှိုက်လဲ နွေးထွေးစွာ ကြိုဆိုမှုများနှင့် သာယာလှပပြီး စိမ်းလန်းစိုပြည် မှုရှိသည့် ကျဲ့ကျန်းပြည်နယ်သို့ လာရောက်လေ့လာခွင့်ရရှိသည့် အတွက်လည်း ဝမ်းမြောက်မိ ကြောင်း၊ အချိန်အခါနှင့် ခေတ်စနစ် များ မည်ကဲ့သို့ပင် ပြောင်းလဲသည် ဖြစ်စေ နှစ်နိုင်ငံအကြားချစ်ကြည် ရင်းနှီးမှုသည် ပိုမိုတိုးတက်လျက် ရှိနေကြောင်း၊ နှစ်နိုင်ငံပြည်သူများ ၏ နေလုံးသားချင်းနီးစပ်မှသာ ကျန်သည့်ကဏ္ဍများတွင်လည်း ပိုမိုနက်ရှိုင်းသည့် ယုံကြည်မှုများ ကို တည်ဆောက်နိုင်မည်ဖြစ် သဖြင့် ပြည်သူအချင်းချင်း ထိတွေ့ ဆက်ဆံမှုကို တိုးမြှင့်လုပ်ဆောင် သွားရမည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့် ကျဲ့ကျန်းပြည်နယ်ပါတီ အတွင်းရေးမှူးတို့သည် နှစ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာကဏ္ဍ၊ အထည်အလိပ် ကဏ္ဍ၊ စိုက်ပျိုးရေးနှင့် လက်ဖက် ကဏ္ဍ၊ စွမ်းအင်ကဏ္ဍတို့တွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျဲ့ကျန်း ပြည်နယ်ပါတီအတွင်းရေးမှူးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် သမ္မတနှင့် ကျဲ့ကျန်းပြည်နယ်ပါတီ အတွင်းရေးမှူးတို့သည် ရင်းရင်း နှီးနှီး နွေတ်ဆက်ခဲ့ကြပြီး ကျဲ့ကျန်း ပြည်နယ် ပါတီအတွင်းရေးမှူးမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာကို အတူတကွ သုံးဆောင်ခဲ့ ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကျဲ့ကျန်းပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာဝမ်ဟောက်တို့ ရင်းရင်းနှီးနှီး နွေတ်ဆက်စဉ်။

ပြည်ခရိုင်၌ အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ပြည် ၆နှစ် ၁၈

ပြည်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ပြည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံတိုင်းရင်း ဆေးပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခန်းမ ပြည်ခရိုင်ရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်(၂) ဦးဌေးဝင်းက အမှာစကား ပြောကြားပြီး ပြည်ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ခိုင်ဝါဝါအောင်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့် သင်တန်းသား သင်တန်းသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် တိုင်းရင်း ဆေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



ပညာရဲရင့်ပွဲလယ်တင့်
✤
ပညာရွှေအိုးလှုမခိုး


မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု (၇၆)နှစ်ကာလမှသည် နှစ်ပေါင်းထောင်ချီ

မောင်ငြိမ်းအေး

ပို့မိုရ့ရှိနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်အတွက် တည်ငြိမ်သည့်စွမ်းအင်စနစ်တည်ဆောက်မှုနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နည်းပညာပိုင်းတို့တွင် တရုတ်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်ရေး၊ မန္တလေးလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ လိုအပ်သည်များ ဆက်လက်ကူညီပံ့ပိုးပေးနိုင်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစကြိ်စီမံကိန်းသည် နှစ်နိုင်ငံလုံးအတွက် အရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးတို့အပါအဝင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်ဗင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

လူမှုစီးပွားဘဝမြှင့်တင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္ဆတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္ဆတာ ရှီကျင့်ဖျင်တို့၏ရှေ့မှောက်၌ နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ဇွန် ၁၆ ရက်တွင် နားလည်မှု စာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

(ယမန်နေ့မှအဆက်)

ကမ္ဘာ့ခေါင်းဆောင်များကို လက်ခံကြိုဆိုသည့် The Great Hall of the People (ပြည်သူ့ခန်းမဆောင်ကြီး)တွင် ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္ဆတာ ရှီကျင့်ဖျင်တို့ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည့်သတင်းသည် မြန်မာ-တရုတ် နှစ်နိုင်ငံမျက်နှာစာများတွင် သာမက ကမ္ဘာ့သတင်းစာမျက်နှာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့သည်ကို တွေ့ရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် နိုင်ငံတကာ မျက်နှာစာတွင် ကြီးကျယ်ခမ်းနားထည်ဝါပြီး ဝမ်းမြောက်ဂုဏ်ယူစရာကောင်းသော သမိုင်းဝင်နေ့ရက်များကို အကောင်အထည်ဖော်နိုင်ခဲ့သည်နှင့်အမျှ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာအားကောင်းလာခဲ့သည်။

ဇွန် ၁၆ ရက်နေ့က တရုတ်-မြန်မာ နှစ်နိုင်ငံသမ္မတကြီးနှစ်ဦး တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်လဲလှယ်ခြင်း အခမ်းအနားများကို ဆက်လက်ကျင်းပပြုလုပ်ရာ ခမ်းနားထည်ဝါသော ခန်းမကြီးအတွင်းသို့ နှစ်နိုင်ငံသမ္မတကြီးနှစ်ဦး ဝင်ရောက်လာသည်နှင့်တစ်ပြိုင်နက် ခန်းမအတွင်းရှိ ကိုယ်စားလှယ်အဖွဲ့ဝင်များက မတ်တတ်ရပ်လက်ခုပ်တီးခြင်းဖြင့် ကြိုဆိုဂုဏ်ပြုကြသည့် မြင်ကွင်းသည် မြန်မာနိုင်ငံအတွက် စိတ်အားတက်ကြွပြီး ချမ်းမြေ့ဖွယ်ရာများဖြစ်စေနိုင်သည့် အကြိုပုံရိပ်များအဖြစ် ခံစားရသည်။ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ ရင်းနှီးချစ်ကြည်စွာ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့် အကျိုးရလဒ်များသည် အနာဂတ်ကာလတွင် တရုတ်-မြန်မာ နှစ်နိုင်ငံအတွက် အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်လာစေမည့် အာမခံချက်များပင်ဖြစ်သည်။

လက်မှတ်ရေးထိုး

ရလဒ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative–GSI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ-တရုတ် နှစ်နိုင်ငံအစိုးရများအကြား ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံ (Global Civilization Initiative–GCI) ပူးတွဲမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာ၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှု (Global Development Initiative–GDI) အကောင်အထည်ဖော်ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာတို့ အပါအဝင် နှစ်နိုင်ငံအကြား လူ့ဘွဲ့အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍ၊ သတင်းဓိဒီယာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကဏ္ဍ၊ နည်းပညာနှင့် အသိပညာဖလှယ်ခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကဏ္ဍတို့၌ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာ ၁၈ ခုတို့ကို နှစ်နိုင်ငံမှ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္ဆတာ ရှီကျင့်ဖျင်တို့၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က “အဆွေတော်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့ဝင်များအား မိမိတို့အနေဖြင့် လိုက်လဲလှန်းထွေးစွာကြိုဆိုပါကြောင်း၊ တရုတ်-မြန်မာ ဆက်ဆံရေးနှင့် ချစ်ကြည်ရေးကို အလေးထားပေးမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲထောက်ခံအားပေး ရပ်တည်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အဆွေတော်သမ္မတကြီး ဦးဆောင်မှုအောက်တွင် ပို့မိစည်းလုံးပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံမှု ပို့မိနက်ရှိုင်းစေရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပို့မိတည်တံ့စေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးလိုပါကြောင်း” ဦးစွာဆွေးနွေးပြောကြားသည်။


စံနမူနာပြအနေအထား

နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် “ယခုခရီးစဉ်သည် နှစ်နိုင်ငံအကြား အစဉ်အလာကောင်းမွန်လျက်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများကို ပို့မိနက်ရှိုင်းခိုင်မာစေမည့် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ ဆွေးနွေးမှုမှတစ်ဆင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာ၊ ပြည်သူ့အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကဏ္ဍ အပါအဝင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ကာလရှည်ကြာစွာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို ထိန်းသိမ်းခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့၏ဆက်ဆံရေးသည် ပို့မိနက်ရှိုင်းသည့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှုအဆင့်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပြီး မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာ ဆက်ဆံရေးတွင် စံနမူနာပြုရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

ယခုအချိန်တွင် တရုတ်နိုင်ငံအနေဖြင့် (၁၅)ကြိမ်မြောက် ငါးနှစ်သက်တမ်းစီမံကိန်း ချမှတ်ကျင့်သုံးနေချိန်ဖြစ်သကဲ့သို့ မိမိတို့အစိုးရသစ်အနေဖြင့်လည်း ဂရုပြုတည်တံ့သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ဂရုပြုတည်တံ့ပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရေး မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးတိုးမြှင့်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပွဲမှထွက်ပေါ်လာသည့် ရလဒ်ကောင်းများကို နှစ်နိုင်ငံအကြား လက်တွေ့ကျကျ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟုလည်း အခိုင်အမာယုံကြည်ပါကြောင်း” ပြောကြားသည်။

ပို့မိုမြှင့်တင်ဆောင်ရွက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က “မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းဆွေမျိုးပေါက်ဖော်နိုင်ငံများ ဖြစ်ကြပြီး နှစ်နိုင်ငံ အကျိုးကျေးဇူးမြင့်မားသည့် ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား နယ်ပယ်အသီးသီးတွင် ကျယ်ပြန့်စွာဆွေးနွေးလိုပြီး ထိရောက်သည့်အောင်မြင်မှု ရလဒ်များကို ရရှိလိုပါကြောင်း၊ နိုင်ငံသုံးနိုင်ငံသားများ၏ အကျိုးစီးပွားကာကွယ်ရေးကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ကုန်သွယ်မှုကဏ္ဍကိုလည်း ယခုထက် ပို့မိမြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့တွင် ချုပ်ဆိုနိုင်ခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့တွင် ချုပ်ဆိုနိုင်ခဲ့သည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးတို့အပါအဝင် နယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ခင်ဗင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍစုံတွင် မြှင့်တင်နိုင်ရေး၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှုကို တရားဥပဒေစိုးမိုးမှုနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာနှင့် MSME ထုတ်ကုန်များအတွက် Quarantine စံနှုန်းဆိုင်ရာ နည်းပညာပံ့ပိုးမှုမြှင့်တင်ရေးနှင့် နယ်စပ်ဖြတ်ကျော် တရားဥပဒေစိုးမိုးရေးကဏ္ဍများတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ မြန်မာနိုင်ငံအတွင်း နိုင်ငံစီးပွားမြှင့်တင်ရေးနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင့်မြှင့်တင်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲများမှ ပေါ်ထွက်လာသော ရလဒ်များသည် နှစ်နိုင်ငံ အကျိုးစီးပွားကိုဖြစ်ထွန်းမည့် အကျိုးရလဒ်ကောင်းများဖြစ်နေသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်သည်။ နှစ်နိုင်ငံ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအပြင် အထူးသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ပေးခြင်း၊ မြင့်မားတိုးတက်လာစေခြင်းတို့ကို ဖော်ဆောင်သည့်စီမံကိန်းလုပ်ငန်းများဖြစ်နေသည်ကို တွေ့မြင်နေရသဖြင့် တရုတ်နိုင်ငံခေါင်းဆောင်များက မြန်မာနိုင်ငံအပေါ်တွားရှိသည့် စေတနာများကို အသိအမှတ်ပြုရမည်ဖြစ်သည်။

စာမျက်နှာ ၉ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်အမျိုးသားပြည်သူကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိုနှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။

☆ စာမျက်နှာ ၈ မှ

တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် တရုတ်အမျိုးသားပြည်သူကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိုနှင့် The Great Hall of the People ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ရာ တရုတ်အမျိုးသားပြည်သူကွန်ဂရက် ဥက္ကဋ္ဌက "မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှု (၇၆)နှစ်မြောက်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ နေထိုင်လျက်ရှိကြောင်း၊ ယခင်နှစ်က အဆွေတော်သမ္မတကြီးနှင့် မိမိတို့၏ တရုတ်နိုင်ငံသမ္မတကြီးတို့အနေဖြင့် နှစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် အရေးပါသည့်သဘောတူညီချက်များရရှိခဲ့ကြောင်း၊ ယနေ့ နံနက်ပိုင်းတွင်လည်း ထပ်မံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား အနာဂတ်လမ်းပြပေးနိုင်မည့် အရေးကြီးသည့်တွေ့ဆုံဆွေးနွေးမှုများနှင့် သဘောတူညီမှုများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တရုတ်–မြန်မာ နှစ်နိုင်ငံအကြား သဘောတူညီချက်များနှင့်အညီ အပြန်အလှန်အကျိုးဖြစ်ထွန်းစေနိုင်မည့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်သွားလိုကြောင်းနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးဖြစ်ထွန်းစေလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်ကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် လွှတ်တော်ဥက္ကဋ္ဌကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ လာရောက်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရသစ်၏ဦးဆောင်မှုနှင့်အတူ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးများစွာ မလွဲမသွေ ဖြစ်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း" ဦးစွာဆွေးနွေးပြောကြားခဲ့သည်။

အိမ်နီးချင်းမိတ်ဆွေစစ်

ထို့နောက် နိုင်ငံတော်သမ္မတက "မြန်မာနိုင်ငံ၌ မန္တလေးလျင်ကြီး ဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်တွင် တရုတ်နိုင်ငံက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အစောဆုံးပေးအပ်ခဲ့ပြီး ပမာဏအများဆုံး ထောက်ပံ့ပေးခဲ့သည့်အတွက် အမြဲတန်ဖိုးထားလျက်ရှိပါကြောင်း၊ တရုတ်အမျိုးသားပြည်သူကွန်ဂရက်နှင့် မြန်မာ့လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားလိုပါကြောင်း၊ ယခုအချိန်တွင် ပြည်သူများက ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်များလည်း ပေါ်ထွန်းလာခဲ့ပြီဖြစ်သဖြင့် မြန်မာ့လွှတ်တော်အမတ်များကို တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များ စေလွှတ်သွားလိုပြီး အဆိုပါလေ့လာရေးခရီးစဉ်များမှတစ်ဆင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များ၊ လွှတ်တော်အုပ်ချုပ်မှုနှင့် ပြည်သူ့ကိုယ်စားပြုမှုဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် အတွေ့အကြုံဖလှယ်မှုများ ပြုလုပ်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်များအကြား ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မိမိတို့လွှတ်တော်များအကြား ဆက်ဆံမှု ပိုမိုနက်ရှိုင်းလာစေရန် မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အစဉ်အမြဲ အားကိုးရသည့် အိမ်နီးချင်းကောင်းဖြစ်သည့်အပြင် "မိတ်ဆွေစစ်"လည်းဖြစ်ပါကြောင်း၊ မြန်မာ–တရုတ် နှစ်နိုင်ငံအကျိုးအတွက် ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း" ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံလွှတ်တော် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု နှင့်ရှိသင့်သော စေရေး ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမို နက်ရှိုင်းစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြရာ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အလားအလာကောင်းများစွာ ရရှိခဲ့သည်။

သူရဲကောင်းစစ်သည်ဗိမာန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော် အဆင့်ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူပန်းခွေချ၍ အလေးပြုသည်။ ပန်းခွေချအလေးပြုစဉ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) စစ်တီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။ နိုင်ငံတော်သမ္မတသည် လွမ်းသူပန်းခွေကိုင်အရာရှိ နှစ်ဦးနောက်၊ နိုင်ငံတော်သမ္မတ၏ နောက်တွင် တရုတ်နိုင်ငံမှ အဆင့်မြင့် အရာရှိကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့များ အသီးသီးနေရာယူကြပြီး လွမ်းသူပန်းခွေချမည့်နေရာသို့ ချီတက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) မှ စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်မှုနှင့်အတူ သူရဲကောင်းစစ်သည် ဗိမာန်၌ လွမ်းသူပန်းခွေချ အလေးပြုပြီး နောက် တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ပေကျင်းမြို့ရှိ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။ နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် နိုင်ငံတော်၏ စာမျက်နှာသစ်ကို စတင်နေပြီဖြစ်ပြီး ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ဖြတ်သန်းခဲ့သည့် သမိုင်းကြောင်း နောက်ခံအခြေအနေများကိုလည်း မှန်မှန် ကန်ကန်သိရှိကြရန်နှင့် မိမိတို့၏တာဝန် များကိုကျေပွန်အောင်ထမ်းဆောင်သွားကြ ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရရှိပြီး လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ ရေခဲမြေခဲကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိရှိအသုံး ချပြီး အမှန်တကယ် အလုပ်လုပ်ကြမည် ဆိုပါက မိမိတို့နိုင်ငံအနေဖြင့် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပိုမိုအဆင်ပြေချောမွေ့

အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ ပညာရေးကဏ္ဍကို မဖြစ်မနေ အားပေးမြှင့်တင်ရမည်ဖြစ်ပြီး မိမိတို့အနေဖြင့် အလေးထား အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အချင်းရှိသည့် သင်ကြားရေးဝန်ထမ်းများနှင့် ကလေးငယ်များ ပေါ်ထွက်လာရေး ဘက်ပေါင်းစုံမှအားပေးမြှင့်တင်လျက်ရှိကြောင်း၊ အသိပညာ၊ အတတ်ပညာများပြည့်ဝပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများကသာလျှင် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက် ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက် ကြရန်နှင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ပိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင် အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်း ရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ပိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ သံတမန်လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရာ၌ ပေါင်းသင်းဆက်ဆံမှု ကောင်းခြင်းသည် လုပ်ငန်းတာဝန်များ ပိုမိုအဆင်ပြေချောမွေ့စွာ အောင်မြင်နိုင် မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေ ဖြင့်လည်း နိုင်ငံတော်မှ အရင်းအနှီးများစွာ ဖြင့် ပညာတော်သင်စေလွှတ်ခြင်းဖြစ် သဖြင့် အချိန်နှင့် အရင်းအနှီးများကို အကျိုးရှိရှိ အသုံးချနိုင်ရန်လိုကြောင်း။

မိမိတို့ဘဝ တိုးတက်ရေးအတွက် လည်း လေ့လာခြင်းများကို စဉ်ဆက် မပြတ် ဆောင်ရွက်သွားကြရန်လိုပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုများအတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေလို ကြောင်း၊ ယနေ့ခေတ်သည် နည်းပညာ ခေတ်ဖြစ်ပြီး ဉာဏ်ရည်တု AI နည်းပညာ သည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိ ကြောင်း၊ သို့ဖြစ်၍ တရုတ်နိုင်ငံ၏ ခေတ်မီ နည်းပညာရပ်များကိုလည်း လေ့လာ သွားကြရန်လိုပြီး မိမိတို့တာဝတ္ထုတ်တက်ရေး အတွက် နေ့စဉ် လူမှုဘဝတွင် အကျိုးရှိ အောင် အသုံးချသွားကြရန်လိုကြောင်း၊ မိမိတို့ရောက်ရှိနေသည့် ပတ်ဝန်းကျင် ကောင်းကို အကျိုးရှိရှိ အသုံးချသွားနိုင် ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ဖြစ်သင့်သည်များကို ဆောင်ရွက်ခြင်း၊ မဖြစ်သင့်သည်များကို မလုပ်ဆောင်ခြင်း တို့ဖြင့် စေတနာထားရှိ၍ မိမိတို့တာဝန်များ ကို ကျေပွန်အောင် ထမ်းဆောင်သွားကြ ရန်လိုကြောင်း မှာကြားသည်။

မဓောနိုင် မဝန်းနိုင်

နိုင်ငံတော်သမ္မတသည် ဇွန် ၁၆ ရက် နံနက်ပိုင်းမှ ညအချိန်အထိ မဓောနိုင် မဝန်းနိုင် စိတ်လက်ကြည်သာစွာဖြင့် နိုင်ငံတော်အကျိုးအတွက် ထမ်းဆောင်ခဲ့ သည်ကို တွေ့ရသည်။ နံနက်ပိုင်းတွင် ကမ္ဘာ့ခေါင်းဆောင်များကို လက်ခံကြိုဆိုသည့် The Great Hall of the People (ပြည်သူ့ခန်းမဆောင်ကြီး)၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သမ္မတနှစ်ဦးရှေ့မှောက်တွင် နှစ်နိုင်ငံ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်များ အပြန်အလှန် လက်မှတ်ရေးထိုးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက် ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ Tiananmen Square ရှိ သူရဲကောင်း စစ်သည်ဗိမာန်၌ လွမ်းသူပန်းခွေချ၍ အလေးပြုခြင်း၊ ပေကျင်းမြို့ရှိမြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားခြင်းနှင့် ညစာအတူသုံးဆောင်ပြီးနောက် တစ်နေ့တာ တာဝန်များပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဆွေမျိုးပေါက်ဖော်နှင့် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များသည် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အစဉ်အဆက် တည်ဆောက်ခဲ့ကြသည်။ ယနေ့ နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်၊ တရုတ်

"နှစ်နိုင်ငံစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအပြင် အထူးသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ပေးခြင်း၊ မြင့်မားတိုးတက်လာစေခြင်းတို့ကို ဇော်ဆောင်သည်စီမံကိန်းလုပ်ငန်းများဖြစ်နေသည်ကို တွေ့မြင်နေရသဖြင့် တရုတ်နိုင်ငံ ခေါင်းဆောင်များက မြန်မာနိုင်ငံအပေါ်ထားရှိသည့် စေတနာများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ မြန်မာအစိုးရသစ်၏ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှုများကိုလည်း တရုတ်နိုင်ငံမှ အပြည့်အဝ အသိအမှတ်ပြုထောက်ခံခဲ့၍ ဆွေးနွေးမှုရလဒ်များအရ အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုထက် ပိုမိုနက်ရှိုင်းသည့် နှစ်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့်"

"နှစ်နိုင်ငံစီးပွားရေးကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအပြင် အထူးသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ မြှင့်တင်ပေးခြင်း၊ မြင့်မားတိုးတက်လာစေခြင်းတို့ကို ဇော်ဆောင်သည်စီမံကိန်းလုပ်ငန်းများဖြစ်နေသည်ကို တွေ့မြင်နေရသဖြင့် တရုတ်နိုင်ငံ ခေါင်းဆောင်များက မြန်မာနိုင်ငံအပေါ်ထားရှိသည့် စေတနာများကို အသိအမှတ်ပြုရမည်ဖြစ်သည်။ မြန်မာအစိုးရသစ်၏ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နေမှုများကိုလည်း တရုတ်နိုင်ငံမှ အပြည့်အဝ အသိအမှတ်ပြုထောက်ခံခဲ့၍ ဆွေးနွေးမှုရလဒ်များအရ အောင်မြင်သည့်ခရီးစဉ်တစ်ခုဖြစ်ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုထက် ပိုမိုနက်ရှိုင်းသည့် နှစ်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့်"

(ဆက်လက်ဖော်ပြပါမည်)

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ



နေပြည်တော် ဇွန် ၁၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အွန်လိုင်းလောင်းကစားတားဆီးနှိမ်နင်းရေး၊ ကျေးရွာအမည်ပေါက်ရရှိရေး၊ သတင်းတု၊ သတင်းမှား ဖြန့်ဝေသူများအား တားဆီးအရေးယူနိုင်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ လမ်းအဆင့်မြှင့်တင်နိုင်ရေးနှင့် တံတားများတည်ဆောက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း(၈)ခုမေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်နိုင်၏ **မြန်မာပြည်အနှံ့ တရားမဝင်အွန်လိုင်း စလော့ဂိမ်းလောင်းကစားပြန့်ပွားနေမှုကို မည်သို့တားဆီးနှိမ်နင်းရန် စီမံထားသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး၊ ပြည်တွင်းအင်အားစုများ အပြင် ပြည်ပနိုင်ငံအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီး အွန်လိုင်းလိမ်လည်မှုနှင့်အွန်လိုင်းလောင်းကစားမှုများ အမြစ်ပြတ်တိုက်ဖျက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

အွန်လိုင်းလောင်းကစားမှုများကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဧပြီလအထိ တရားမဝင် အွန်လိုင်းလောင်းကစားဝက်ဘ်ဆိုက် (Websites)များနှင့် Application links များကို အော်ပရေတာများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကြည့်ရှု၍မရနိုင်စေရန် IP Block ပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဧပြီလအထိ လောင်းကစားနှင့် ဆက်စပ်လျက်ရှိသည့် Facebook၊ Telegram၊ Viber စသည့် ပလက်ဖောင်းများပေါ်မှ Channelများနှင့် အကောင့်များကို ပိတ်သိမ်းနိုင်ခဲ့ပါကြောင်း။

လောင်းကစားငွေလွှဲပြောင်းမှုတွင် အဓိက အသုံးပြုနေသည့် Mobile Wallet များ တင်းကျပ်စွာ စောင့်ကြည့်လျက်ရှိပြီး တရားမဝင် ငွေစာရင်းများ ဖွင့်လှစ်ရာတွင်အသုံးပြုသည့် မှတ်ပုံတင်မထားသော SIM ကတ်များကို အပြီးတိုင်ပိတ်သိမ်းရန် ဆက်သွယ်ရေးအော်ပရေတာများကို တင်းကျပ်စွာစီမံထားရှိပြီး အွန်လိုင်းလောင်းကစားမှုများ လျော့ချစေရန်အတွက် နည်းပညာအသုံးပြု၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေပြင်စီးနင်းရှာဖွေမှုနှင့် ဖမ်းဆီးနှိမ်နင်းရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများအနေဖြင့် လောင်းကစားဂိမ်းဆိုင်များ၊ အွန်လိုင်းလောင်းကစားလုပ်ငန်းဗဟိုချက်အသွင် လုပ်ကိုင်နေသည့်ရုံးခန်းများကို သတင်းရယူကာ ရှောင်တခင်ဝင်ရောက်စီးနင်းဖမ်းဆီးခြင်း၊ ပစ္စည်းများနှင့် ငွေကြေးများ သိမ်းဆည်းခြင်း၊ အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်ဂိုဏ်းများအခြေစိုက်လေ့ရှိသည့် နယ်စပ်ဒေသများတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းကာ နိုင်ငံဖြတ်ကျော်မှုခင်းနှိမ်နင်းရေးစီမံချက်များဖြင့် ဖမ်းဆီးခြင်း၊ တရားခံလွှဲပြောင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး၏ **လယ်ဝေးမြို့နယ်ရှိ ကျေးရွာခွဲ ၂၆ ရွာသည် တရားမဝင်ကျေးရွာများကဲ့သို့ ဖြစ်နေပါသဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တရားဝင်အမည်ပေါက်စာရင်းတွင် စိစစ်သတ်မှတ်ပေးရန် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက လယ်ဝေးမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာအနက် ၂၄ ရွာသည် သစ်တောကြိုးဝိုင်းများအတွင်း ကျရောက်လျက်ရှိပါကြောင်း၊ အဆိုပါ သစ်တောမြေအတွင်းကျရောက်နေသည့် ကျေးရွာ ၂၄ ရွာအား ပြည်ထဲရေးဝန်ကြီးဌာန အသိအမှတ်ပြုနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ခံ၍ နိုင်ငံတော်သမ္မတထံတင်ပြပြီး ခွင့်ပြုချက်ရရှိပါက သစ်တောမြေမှပယ်ဖျက်နိုင်ရေးသက်ဆိုင်ရာဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပယ်ဖျက်မိန့်ရရှိပါက ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး၏ **လူမှုကွန်ရက်အမျိုးမျိုးအား အသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် မမှန်သတင်းဖြန့်ချိနေသူများကို ဖော်ထုတ်အရေးယူနိုင်ရန် သက်ဆိုင်ရာဌာနများအနေဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် အနာဂတ်ဆောင်ရွက်မည့် အစီအစဉ်များ ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက အကြမ်းဖက်သွေးထိုးလှုံ့ဆော်မှုနှင့် တိုင်းရင်းသားပြည်သူများ စိတ်ဝမ်းကွဲစေရန် လူမှုကွန်ရက်အမျိုးမျိုးကို အသုံးပြု၍ အကြမ်းဖက်ရန်လှုံ့ဆော်နေသူများနှင့် နိုင်ငံ့ဂုဏ်သိက္ခာကျစေရန် မမှန်သတင်းများဖြန့်ချိနေသူများကို ၂၀၁၄ ခုနှစ်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀၊ ၅၂ နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က တို့အရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူဆောင်ရွက်နိုင်ရေးကော်မတီကို ဖွဲ့စည်းပြီး အမှုဖွင့်အရေးယူခြင်းနှင့် အသိပညာပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများတင်ခြင်း၊ မဖွယ်မရာများတင်ခြင်း၊ နိုင်ငံရေးအရ တိုက်ခိုက်ပြောဆိုခြင်းအပေါ် ဥပဒေကြောင်းအရ တားမြစ်အရေးယူ ဆောင်ရွက်နိုင်ရေးကော်မတီအနေဖြင့် တန်ပြန်ဆောင်ရွက်ခြင်း၊ တယ်လီဖုန်းနံပါတ်နှင့် ဘဏ်အကောင့်မှတ်တမ်းများကို ပိတ်သိမ်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **တရားဥပဒေစိုးမိုးရေးအတွက် မူဝါဒများ၊ အစီအမံများ၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံခြုံရေးစနစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးပညာပေး ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆောင်ရွက်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ပေးမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ပြန်လည်တိုးမြှင့်နိုင်ရန်နှင့် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တို့နှင့် ပူးပေါင်း၍ ပုံမှန်လုံခြုံရေးဆိုင်ရာလုပ်ငန်းများ၊ ထူးခြားဖြစ်စဉ်နှင့် မသင်္ကာဖွယ်ကိစ္စရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များရယူခြင်း၊ နယ်မြေအလိုက်ဖြစ်ပွားလာနိုင်သည့် အရေးပေါ်အခြေအနေများကို အချိန်မီတုံ့ပြန်နိုင်ရန် ဆက်သွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးစနစ်များကို အဆင်သင့်ထားရှိခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မူးယစ်ဆေးဝါးထုတ်လုပ်၊ သိုလှောင်၊ သယ်ဆောင်၊ ရောင်းဝယ်မှုများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရာ လမ်းကြောင်းပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်ကို အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးအတွက် နယ်မြေရဲကင်းစခန်းများ ဖွင့်လှစ်၍ နယ်မြေအတွင်း ကင်းလှည့်စောင့်ရှောက်ခြင်း၊ ပြစ်မှုကျူးလွန်တတ်သူများ၊ အလားအလာရှိသူ လူဆိုးသူခိုးများစောင့်ကြပ်ထိန်းသိမ်းခြင်း၊ ဒုစရိုက်မှုများနှိမ်နင်းခြင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဖြတ်ပြီး ပြန်လည်ထူထောင်မှုခံယူလိုသည့် လူငယ်များအတွက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ၁၄ ခုဖွင့်လှစ်ပြီး စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းများအပြင် အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်မှုခံယူပြီးသော သင်တန်းသားများအား ပြန်လည်ထူထောင်ရေးဦးစီးဌာန၌ လစ်လပ်ရာထူးများတွင် ပညာအရည်အချင်းအပေါ်မူတည်၍ ဝန်ထမ်းအဖြစ် ခန့်အပ်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ **မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ ၄၄ မိုင်ခန့်သည် လမ်းများပျက်စီးပြီး ကျဉ်းနေသဖြင့် လမ်းအကျယ် ၁၈ ပေခန့်ချဲ့ပေးရန်၊ လဲချားမြို့တွင်း နှစ်မိုင်ခန့်အား နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်ပေးပါရန်၊ လဲချားမြို့နှင့် ပင်လုံမြို့ကြား ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းတွင် လဲချားမြို့နယ်ပိုင်း ၁၃ မိုင်အား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဘတ်ဂျက်လုံလောက်စွာချပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုင်းနောင်လမ်းခွဲမှ လဲချားမြို့အထိ လမ်းပိုင်း ၄၆ မိုင် ၆ ဖာလုံအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ မြေညှိစက်ဖြင့် လမ်းပုံဖော်ခြင်းနှင့် ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို သတ်မှတ်ထားသည့် အပိုင်းလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ၁၈ ပေ အကျယ်ချဲ့ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လဲချားမြို့တွင်း နှစ်မိုင်ကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို သတ်မှတ်ထားသည့် အတိုင်း အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လဲချားမြို့နှင့် ပင်လုံမြို့ ၁၂ မိုင်ကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းတို့ကို သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **မိုးနဲမြို့နယ် နမ့်တိန် ချောင်းကူးတံတားဟောင်းနေရာတွင် သံကူကွန်ကရစ်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မိုးနဲမြို့နယ်ရှိ နမ့်တိန်ချောင်းကူးဘေလီတံတား အရှည်ပေ ၃၆၀ ကို ကြံ့ခိုင်မှုရှိစေရန်အတွက် တံတားပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်နိုင်ရေးအတွက် ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်ခြင်းလုပ်ငန်းများနှင့် တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို တံတားအထူးအဖွဲ့များမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုနှင့် နယ်မြေအခြေအနေအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့ အထွက် အကျယ် ၁၂ ပေ၊ အရှည် ၁၉ မိုင်ခန့်ရှိသော ကတ္တရာလမ်းမှာ ပျက်စီးနေသောကြောင့် အဆိုပါလမ်းအား အကျယ် ၁၈ ပေရှိသည့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလောမြို့နယ် ဘော်ဆိုင်းကျေးရွာအုပ်စုမှ ဟဲဟိုးမြို့သို့ အထွက် လမ်းပိုင်းမှာ ၂၅ မိုင် ၇ ဖာလုံရှိပြီး အဆိုပါလမ်းပိုင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာလမ်းချဲ့ရန် အခြေခံလွှာချဲ့ခင်းခြင်း၊ ကတ္တရာလမ်းပြုပြင်ခြင်း၊ လမ်းပခုံးပြုပြင် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ သတ်မှတ်အပိုင်းလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၈ ပေ အကျယ်ချဲ့ရန် ကျန်ရှိသော ၁၈ မိုင် ၂ ဖာလုံအနက် ၁ မိုင် ၂ ဖာလုံမှာ ဟဲဟိုးလေယာဉ်ကွင်း ပြေးလမ်းတိုးချဲ့မည့် လျာထားလမ်းကြောင်းတွင် ပါဝင်နေသည့်အတွက် ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ်ထားရှိမည်ဖြစ်ပြီး ကျန် ၁၇ မိုင်အား ၁၂ ပေမှ ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်းတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၁၂ သို့ *

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

နေပြည်တော် ၆နှစ် ၁၈

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဌေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးရာမွေလရှဲန်၏ **ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ဝန်ဘိုကျေးရွာသို့ ဖောက်လုပ်ထားသော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အော် - ဝန်ဘို - နမ့်ကျန်း - ဖားခေါ ကျေးရွာချင်းဆက် မြေသားလမ်းသည် အရှည် ၅/၀ မိုင်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ နယ်စပ်ရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးထားသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် မြေပြင်တွင် အကျယ် ၁၂ ပေ ခန့်သာရှိသဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် အတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျေးရွာ လေးရွာမှ အိမ်ခြေ ၂၅၆ အိမ်နှင့် လူဦးရေ ၁၆၄၅ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်သည်ကို စိစစ်သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု နမ့်အော် - ဝန်ဘို - နမ့်ကျန်း - ဖားခေါ ကျေးရွာချင်းဆက်မြေသားလမ်း ၅/၀ မိုင်အား အဆင့်မြှင့်တင်နိုင်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရရန်ပုံငွေမှ ဘဏ္ဍာငွေခေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်ဌေး၏ **မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါမြို့နယ်၊ ထီးလင်းမြို့နယ်နှင့် ဆောမြို့နယ်တို့ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ လစာထုတ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ်ဂန့်ဂေါဘဏ်ခွဲသည် ယခုအခါ ပခုက္ကူခရိုင်ဘဏ်ခွဲထဲမှ ဘဏ္ဍာငွေသယ်ယူခဲ့ပြီးဖြစ်သဖြင့် ၂၀၂၆ ခုနှစ် ဧပြီလအတွက် အငြိမ်းစားဦးရေ ၄၇၈ ဦး၊ ငွေကျပ် ၈၄ ဒသမ ၈၂၃ သန်း၊ ၂၀၂၆ ခုနှစ် မေလအတွက် အငြိမ်းစားဦးရေ ၁၈၁၄ ဦး၊ ငွေကျပ် ၁၀၆၆ ဒသမ ၀၇၃ သန်းကို ငွေသားဖြင့်ထုတ်ပေးခြင်း၊ အငြိမ်းစား ၄၇၀ အား Myanmar Mobile Money (MMM) စနစ်ဖြင့် အငြိမ်းစားလစာလွှဲပြောင်းထုတ်ယူခြင်းများ ဆောင်ရွက်ပေးထားပြီး ဖြစ်ပါကြောင်း။

မြန်မာ့စီးပွားရေးဘဏ် ထီးလင်းဘဏ်ခွဲအနေဖြင့် လတ်တလောတွင် ဘဏ္ဍာငွေသယ်ယူနိုင်ခြင်းမရှိသေးသော်လည်း လက်ကျန်ဘဏ္ဍာငွေများမှ ၂၀၂၆ ခုနှစ် ဧပြီလအတွက် အငြိမ်းစားဦးရေ ၁၁၉ ဦး၊ ငွေကျပ် ၁၅၃ ဒသမ ၁၃ သန်းအားလည်းကောင်း၊ ၂၀၂၆ ခုနှစ် မေလအတွက် အငြိမ်းစားဦးရေ ၁၃၇



ဦး၊ ငွေကျပ် ၁၅၂ ဒသမ ၁၂၈ သန်းအားလည်းကောင်း ထုတ်ပေးခဲ့ပါကြောင်း။

အလားတူ မြန်မာ့စီးပွားရေးဘဏ် ဆောဘဏ်ခွဲအနေဖြင့် လတ်တလောတွင် ဘဏ္ဍာငွေ သယ်ယူနိုင်မှု မရှိသေးသော်လည်း လက်ကျန်ဘဏ္ဍာငွေများမှ ၂၀၂၆ ခုနှစ် မတ်လအထိ အငြိမ်းစားဦးရေ ၁၉၈ ဦး၊ ငွေကျပ် ၉၁ ဒသမ ၇၆၉ သန်း ထုတ်ပေးခဲ့ပါကြောင်း၊ ပခုက္ကူမြို့တွင် သွားရောက်နေထိုင်သည့် ဆောဘဏ်ခွဲမှ အငြိမ်းစား ၁၀၃ ဦးက ပခုက္ကူဘဏ်ခွဲတွင် ဆန္ဒအလျောက် အငြိမ်းစားလစာထုတ်ယူလိုကြောင်း တင်ပြလာသဖြင့် ထုတ်ယူနိုင်ရေးစီစဉ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လတ်တလောဖြစ်ပေါ်နေသော အခြေအနေများအရ ဒေသနေအငြိမ်းစားများ၏ အငြိမ်းစားလစာများ အဆက်အခဲမရှိ ထုတ်ပေးနိုင်ရေးအတွက် ဘဏ်လက်ကျန်ငွေများမှ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသပြင်ပတွင် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်ကို အသုံးပြု၍လည်းကောင်း၊ ငွေလွှဲပို့သည့် နည်းလမ်းများ အသုံးပြု၍လည်းကောင်း ထုတ်ယူနိုင်ပါကြောင်း၊ ဒေသတွင်း အင်တာနက်လိုင်း ကောင်းမွန်စွာရရှိပါက Centralized E-Pension စနစ်တွင်းသို့ ထည့်သွင်း၍ အငြိမ်းစားလစာများ ထုတ်ယူရာတွင် ယခုထက်ပိုမိုအဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **တောင်သူလယ်သမားတစ်ဦး၏ စိုက်ပျိုးစရိတ်ချေးငွေအား တစ်ကောလျှင် ချေးငွေတစ်သိန်းခွဲ ချေးပေးခဲ့ရာမှ တစ်ကောလျှင် ချေးငွေငါးသိန်းနှင့်အထက် တိုးမြှင့်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က နိုင်ငံတစ်ဝန်းရှိ တောင်သူများသို့ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေအဖြစ် စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ကောလျှင် ငွေကျပ် ၁၅၀,၀၀၀ နှုန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ကောလျှင် ငွေကျပ် ၁၀၀,၀၀၀ နှုန်း၊ ပန်းနှမ်း၊ ဆီမုန်လည်း၊ ဂုန်လျှော်သီးနှံများအတွက် တစ်ကောလျှင် ငွေကျပ် ၁၀၀,၀၀၀ နှုန်းဖြင့် ထုတ်ချေးခဲ့ပါကြောင်း။

ယခုအခါ တောင်သူများသို့ စိုက်ပျိုးစရိတ်ချေးငွေကို ယခင်နှစ်ကထက် ပျမ်းမျှ နှစ်ဆဖြင့် စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါသီးနှံများအတွက် တစ်ကောလျှင် ငွေကျပ် ၃၀၀,၀၀၀ နှုန်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ကောလျှင် ငွေကျပ် ၂၅၀,၀၀၀ နှုန်း၊ ပန်းနှမ်း၊ ဆီမုန်လည်း၊ ဂုန်လျှော်အတွက် တစ်ကောလျှင် ငွေကျပ် ၁၅၀,၀၀၀ နှုန်းဖြင့် ၂၀၂၆ ခုနှစ် မေ ၁၂ ရက်မှစ၍ ထုတ်ချေးပေးလျက်ရှိပြီး အတိုးနှုန်းကို ယခင်အတိုင်း ပြောင်းလဲမှုမရှိဘဲ တစ်နှစ်လုံးတွင်မှ ငါးရာခိုင်နှုန်းသာ ဖြစ်၍ သက်သာသောနှုန်းထားဖြစ်ပါကြောင်း။

စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးရာတွင် တောင်သူများပိုင်ဆိုင်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)မူရင်းကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ ဘဏ်သို့အာမခံ(အပေါင်)အဖြစ် ပေးအပ်ပြီး တောင်သူတစ်ဦးချင်း အာမခံသည့်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် ချေးငွေထုတ်ချေးရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား အရောင်းအဝယ်ပြုလုပ်ထားသည့်အတွက်ကြောင့် ဖြစ်စေ၊ အမွေဆက်ခံရရှိထားသည့်အတွက်ကြောင့်ဖြစ်စေ (ပုံစံ-၇) အမည်ပေါက်မဟုတ်သည့် တောင်သူများအတွက် တစ်နှစ်အတွင်း (ပုံစံ-၇)အမည်ပေါက် ပြောင်းလဲရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိခံဝန်ချက်ဖြင့် ချေးငွေထုတ်ချေးပေးမှု ဖြေလျှော့ပေးထားကြောင်း၊ သို့ပါ၍ ယခုနှစ် မေလတွင် ချေးငွေနှုန်းထား တိုးမြှင့်ထုတ်ချေးပေးထားပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေ တစ်ကောလျှင် ငွေကျပ် ငါးသိန်းအထက် ချေးပေးနိုင်ရန်အတွက် လတ်တလောတွင် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ရှိ မြို့များဖြစ်သော ဟသ်တမ၊ ဇလွန်၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့များ၏ ရေမြေပဂိုဝိုင်းမြေများတွင် တည်ရှိသည့် ကျေးရွာအုပ်စုများ၏ ကျေးရွာချင်းဆက်လမ်းများအား ရေမြေပဂွန်ကရစ်လမ်းပေါ်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရေမြေပဂွန်ကရစ်လမ်းဆိုသည်မှာ ရေကြီးချိန်တွင် ရေအမြေပဝံပြီး ရေကျသွားလျှင် သွားလာရေးအတွက် ပြန်လည်အသုံးပြုနိုင်သော လမ်းအမျိုးအစား ဖြစ်ပါကြောင်း၊ လမ်းဖောက်လုပ်ရာတွင် ကိုင်းတောများ အချို့ကို ခုတ်ထွင်ရသဖြင့် ဂေဟစနစ်ပျက်စီးနိုင်ပြီး လမ်းကြောင့် ရေတိုက်စားမှုပုံစံပြောင်းလဲပြီး လမ်းဘေဝ၀ဲ/ယာတွင် မြေပြိုခြင်းများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ရေမြေပဂွန်ကရစ်လမ်းသည် ရေအောက်တွင် လန့်ဖျိန်စမြေပဂေရသည့်အတွက် ရေရှည် ရေဖိအား၊ ဒဏ်ခံနိုင်ရည်ရှိစေရန်အတွက် အောက်ခံမြေသားလွှာ၊ ဒုအခြေခံလွှာတို့အား သတ်မှတ်ခံနိုင်ရည်အားရရှိစေရန် ကွန်ကရစ် Grade အမြင့်သုံးရသည့်အပြင် ရေစိမ့်မှုခံနိုင်သော ဓာတုဆေးရည်အသုံးပြုပြီး ရေအားကြောင့် လမ်းအက်ကွဲမှုမဖြစ်စေရန် သံကူကွန်ကရစ်လမ်းလွှာများကို စနစ်တကျ ထည့်သွင်းဆောင်ရွက်ရသည့်အတွက် ပုံမှန်ကွန်ကရစ်လမ်းထက် ကုန်ကျစရိတ်မြင့်မားပါကြောင်း။

အဆိုပါလမ်းများသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင် ပါဝင်မှုမရှိ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော လမ်းများအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်ငါးမြို့နယ်မှ လမ်းခြောက်လမ်းအား ရေမြေပဂွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်မည်ဆိုပါက စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၁၀၅၅၀ သန်း (၁၀ ဒသမ ၅၅ ဘီလီယံ) ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဆိုပါမြစ်ဝကျွန်းပေါ်ဒေသများသည် ရေကြီးနစ်မြုပ်သည့် ဒေသဖြစ်သဖြင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာခြင်း (Feasibility Study) အား ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့်ပေါင်းစပ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လတ်တလောတွင် ရေမြုပ်ကွန်ကရစ်လမ်းဆောင်ရွက်ပေးရန် မရှိသေးပါကြောင်းနှင့် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာခြင်း (Feasibility Study) ရရှိသည့် အစီရင်ခံစာအပေါ်၊ ရန်ပုံငွေရရှိမှုအပေါ် အခြေခံကာ ဒေသနှင့် ကိုက်ညီသောလမ်းကို ဦးစားပေးတင်ပြသည့်အတိုင်း လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ဧရာဝတီတိုင်းဒေသကြီး ဟသ်တမြို့နယ် ပြာကတတ်-ဆင်လူးလမ်း ၄ မိုင် ၅ ဖာလုံ လမ်းပေါ်ရှိ ခန္ဓယ်ရိုးတံတားအား အနီးစပ်ဆုံး ဘတ်ကျက် သို့မဟုတ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဟသ်တမြို့နယ် ပြာကတတ်-ဆင်လူးလမ်းပေါ်ရှိ ခန္ဓယ်ရိုးချောင်းကူးတံတားသည် ၁၉၉၅ ခုနှစ်တွင် ဒေသခံပြည်သူများ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သော အလျား ၆၅ ပေ၊ အကျယ် ခြောက်ပေ၊ အဖြင့် ၁၂ ပေ ရှိသော သစ်သားတံတားဖြစ်ပါကြောင်း။

အဆိုပါသစ်သားတံတားအား အရှည်ပေ(၁၀၀)၊ အကျယ်ပေ ၂၀ ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ရန်လျာထားခဲ့ပါကြောင်း၊ သို့သော် တိုင်းဒေသကြီးအတွင်း ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေ၊ ပြည်သူ့အကျိုးပြုမှုဦးစားပေးအဆင့်အရ လောလောဆယ် တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ မြေပြင်ကွင်းဆင်းတွေ့ရှိချက်အရ ခန့်မှန်း နှစ်နှစ်ခန့် ဆက်လက်အသုံးပြုနိုင်သည်ကို တွေ့ရပါကြောင်း၊ ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် ၁၁၀၀ သန်း (၁ ဒသမ ၁ ဘီလီယံ) ခန့် ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ၂၃ ရွာ၊ အိမ်ခြေ ၁၄၄၄ အိမ်၊ လူဦးရေ ၅၈၄၁ ဦးကို အကျိုးပြုမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ပေါင်းစပ်၍ ကျေးရွာ၊ အိမ်ခြေ၊ လူဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးအလိုက် ရွေးချယ်တင်ပြမှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားတင်ပြမည် ဖြစ်ပြီး ပြည်ထောင်စု(သို့မဟုတ်) တိုင်းဒေသကြီး ရရှိသည့် ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ-ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်ကသဘောတူသဖြင့်အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန် လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းမည် ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **မြန်မာ-ရုရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် **စာမျက်နှာ ၁၂ သို့** ✪

*** စာမျက်နှာ ၁၀ မှ**

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့တောင်ဘက် သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၊ အကျယ် ၁၈ ပေရှိ ပျက်စီးနေသော ဉာဏ်ကန်သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သာစည်မြို့တောင်ဘက် သာစည်-ညောင်ရမ်းလမ်းပေါ်ရှိ ဉာဏ်ကန်တံတားအား လက်ရှိအခြေအနေအရ တံတားအောက်ထည်နှင့် သံပေါင်ရက်မများ ကြံ့ခိုင်မှုရှိနေပါသဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပြီး တံတားအပေါ်ထည်ကြမ်းခင်းနှင့် လက်ရန်းအစားထိုးလဲလှယ်ခြင်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်ရေး လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ်မေးပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ဇွန် ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*** စာမျက်နှာ ၁၁ မှ**

ကိုယ်စားလှယ် အမှတ် (၁၀) ဦးချစ်ဆွေနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇဝနတို့အပါအဝင် အဖွဲ့ဝင် ၅ ဦး၊ **မြန်မာ-ဘယ်လာရစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင်** ဥက္ကဋ္ဌအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးချယ်သန်းထွန်းအောင်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်ကြီး ဒေါစုမြတ်ဝေတို့ အပါအဝင် အဖွဲ့ဝင် ၅ ဦး၊ **မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း**တွင် ဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရဋ္ဌဖုန်နှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်အေးတို့အပါအဝင် အဖွဲ့ဝင် ၅ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန် လွှတ်တော်များနှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများ ဖွဲ့စည်းခြင်းနှင့် အသင်းများတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာ ကော်မတီ၊ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပညာရေးမြှင့်တင်မှု ကော်မတီတို့ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ပေးအပ်ခံရသည့် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးခင်ဇော်ထွန်းက တောင်သူလယ်သမားရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီတွင်ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးချစ်ဝေနှင့် အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးခင်ဇော်ထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြပြီး ကော်မတီတွင်ပါဝင်မည့် အဖွဲ့ဝင်ဦးရေ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် ယင်းနောက် အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တာဝန်ပေးအပ်ခံရသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၃) ဒေါ်ထားထားနု က လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်သိဂီဂင်းရွှေနှင့် အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ထားထားနုတို့ အပါအဝင် အဖွဲ့ဝင်၁၅ဦး၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြပြီး ကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုသဖြင့် ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၁၉ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ဆည်တမံများ၏ ဝင်ရေစုဆောင်းသိုလှောင်ခြင်းအပေါ် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်

ရန်ကုန် ဇွန် ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းနှင့်အတူ ယနေ့နံနက် ပိုင်းတွင် နေပြည်တော် ဧရာဝတီရိုးမြို့နယ်ရှိ ရေဆင်းငါးလုပ်ငန်းစခန်း၌ ငါးသားပေါက်ထုတ်လုပ်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဘဏ္ဍာနှစ်အလိုက် ငါးသားပေါက်ထုတ်လုပ်မှု လျာထားချက်ပြည့်မီကျော်လွန်ရေး၊ ဒေသ၏ ငါးမွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးရန်နှင့် ရေဆင်းငါးလုပ်ငန်းစခန်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ စံချိန်စံညွှန်းမီ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ဆွေးနွေးမှာကြား

ထို့နောက် ဧရာဝတီရိုးမြို့နယ်အတွင်း မိုးရာသီရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေးဆောင်ရွက်လျက်ရှိသည့် မပိုက်ကယ်ရိုးတစ်လျှောက်နှင့် သက်နှင်းအင်းကျေးရွာ အောက်ပိုင်းတစ်လျှောက်ရှိ ချောင်းမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပေါင်းလောင်း ရေလျှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ယခုနှစ်တွင် ကြုံတွေ့နိုင်သည့် အစွန်းရောက်ရာသီဥတု ဖြစ်စဉ်များကြောင့် ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်မှုနှင့် အတူ မိုးခေါင်မိုးပြတ်ခြင်းကြောင့် ဆည်တမံများ၏ ဝင်ရေသိုလှောင်စုဆောင်းခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးရေ ပေးဝေခြင်းလုပ်ငန်းများအပေါ် ထိခိုက်မှုမဖြစ်ပေါ်စေရေးအတွက် ရေဝေရေလဲဇရိယာ၏ ရာသီဥတု၊ မိုးရွာသွန်းမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းချုပ်နိုင်ရေးစီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေး ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ချုပ် (MCEF) တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် အသင်းချုပ်တည်ရှိရာ ရန်ကုန်မြို့ သုဝဏ္ဏဒ္ဒီ Hybrid System ဖြင့် ကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်ရုံး ဝန်ထမ်းများ၊ အသင်းချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် အသင်းသား အသင်း သူ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ဆွေးနွေးဟောပြောပွဲ ဖြစ်မြောက်အောင်မြင်သည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာနုနုရီက လူ့အခွင့်အရေး အခြေခံသဘောသဘာဝ အကြောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ တင်ဌေးအိက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အကြောင်းနှင့် လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် အကြောင်း၊ ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေး အကြောင်းတို့ကို ဟောပြော ဆွေးနွေးကြပြီး တက်ရောက် လာသူများက မေးမြန်းသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စာအုပ်စာပေ
လူမိတ်ဆွေ
အလိမ္မာ
စာမှာရှိ

ပြင်ဦးလွင်မြို့ ရတနာပုံမြို့သစ်ဆိုက်ဘာစီးတီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၈

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် ဆိုက်ဘာစီးတီး ဧရိယာရှိ မြေကွက်လပ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြတ္တန်းဦး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ ရတနာပုံဆိုက်ဘာစီးတီးရှိ စက်ရုံများမှ ဝန်ထမ်းများ၊ နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။


ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ပျိုးပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့တွင် အရိပ်ရလေကာပင် ၂၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် ဝန်ကြီးဌာနအောက်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း စုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို တစ်ဖြိုင်တည်းကျင်းပပြီး စုစုပေါင်းပျိုးပင် ၃၇၇၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ဘူတာ ဒီဇယ်စက်ခေါင်း ပြင်ရုံအတွင်းထားရှိသည့် ပြင်ဦးလွင်-၇တံထိပ်လမ်း ပိုင်း၌ ပြေးဆွဲလျက်ရှိသည့် ဒီဇယ်လျှပ်စစ်စက်ခေါင်း များ၊ RBEတွဲ များ၊ စင်းလုံးငှားရေနွေးငွေ့စက်ခေါင်း နှင့် RGCတွဲများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ကယားပြည်နယ်ဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

လွိုင်ကော် ဇွန် ၁၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး တာဝန်ရှိသူများ၏ ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် အကြွေးဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်ရုံးများကိုလည်း ကောင်း၊ ကော်ဖီပျိုးခြံ၌ မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် ရိဘတ်စတာကော်ဖီပျိုးပင် ၉၆၀၀ ကျော် ပျိုးထောင် ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ရန်ကုန်မြို့ရှိ စာဆိုဗိမာန်နှင့် စာပေဗိမာန်တို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စာဆိုဗိမာန်အဆောက်အအုံ တည်ဆောက်ခဲ့မှုနှင့် အဆောက်အအုံအတွင်း စာအုပ်စာပေများ ခင်းကျင်းပြသထားမှုကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

ထို့နောက် စာဆိုဗိမာန် အဆောက်အအုံအတွင်း အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေ ဆုရပညာရှင်များ၏ ဓာတ်ပုံများနှင့် ကိုယ်ရေးအကျဉ်းများ ခင်းကျင်းပြသထားသည့် ပြခန်း၊ နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခဲ့မှုများ၊ စာပေဖွံ့ဖြိုးမှုဆောင်ရွက်ခဲ့မှုများပြခန်း၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်သမိုင်းဓာတ်ပုံများ ခင်းကျင်းပြသထားသည့် ပြခန်း၊ ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံစာပေဆု၊ ရွှေအမြဲတေစာပေဆုများ ချီးမြှင့်ခဲ့မှုများ ပြခန်း၊ ပခုက္ကူစာပေဆုချီးမြှင့်ခဲ့မှုမှတ်တမ်း၊ ထွန်းဖေဘင်ဒေးရှင်း စာပေဆု ချီးမြှင့်ခဲ့မှုမှတ်တမ်း၊ စာပေနှင့်ဆက်စပ်သော သဘင်ဆိုင်ရာ ခင်းကျင်းပြသထားသည့် ပြခန်း၊ စာပေနှင့်ဆက်စပ်သော ဂီတဆိုင်ရာများ ခင်းကျင်းပြသထားသည့် ပြခန်း၊ စာပေနှင့် ဆက်စပ်သော ရုပ်ရှင်နှင့်ဆိုင်သော ခင်းကျင်းပြသထားသည့် ပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကျောက်တံတား မြို့နယ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် စာကြည့်တိုက်သို့ ရောက်ရှိပြီး စာပေဗိမာန်စာအုပ်အရောင်းဆိုင်အတွင်း စာအုပ်များ ခင်းကျင်းပြသရောင်းချနေမှု၊ စာပေဗိမာန် စာကြည့်တိုက်အဟောင်းအတွင်း စာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက တစ်ချိန်က စာပေဗိမာန်အပေါ် လူငယ်များ တန်ဖိုးထားခဲ့ပြီး အသင်းဝင်များ တိုးပွားလာခဲ့ကြောင်း၊ အသင်းဝင်တိုးပွားရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စာပေဗိမာန်မှ ထုတ်ဝေသည့် စာအုပ်စာပေများသည် လည်း လူငယ်များအတွက် အကျိုးရှိသည့် စာအုပ်စာပေများ ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

သတင်းစဉ်

မြောက်ဥက္ကလာပမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်း ဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို ဇွန် ၁၇ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၃၅) ယာဉ်ထိန်းတပ်ဖွဲ့စု မှ မြို့နယ်တပ်စုမှူး ဒုတိယရဲမှူး လှိုင်ဝင်းအောင်က လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ အနှေးယာဉ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများ စသည့် အသိပညာ ဗဟုသုတများကို ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး အသိပညာပေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)





ရွှေတောင်မြို့နယ်၌ ကူးစက်ရောဂါရှာဖွေတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်

ရွှေတောင် ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဇွန် ၁၆ ရက် နံနက်ပိုင်းက ဝါးတောကျေးလက်ကျန်းမာရေးဌာနတွင် ပဲခူးတိုင်းတီဘီရောဂါတိုက်ဖျက်ရေးဌာနနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လူနာ ၁၆၃ ဦးတို့အား ဒီဂျစ်တယ်ဓာတ်မှန်စက်ဖြင့် တီဘီရောဂါရှာဖွေခြင်း၊ သံသယတီဘီလူနာများ၏ သလိပ်စစ်ဆေးခြင်း၊ တီဘီရောဂါတွေ့ရှိသူများအား ဆေးကုသမှုပေးခြင်းနှင့် တီဘီလူနာနှင့်အတူနေသူများအား တီဘီကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး သစ်တောစိုက်ခင်းများအား ကြည့်ရှု နိုင်ငံတကာ ဒီရေတောစင်တာတည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ ဦးခင်လတ်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အောက်ဆင်သေကြိုးပိုင်းရှိ ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်းတည်ထောင်ထားသော ကုမ္ပဏီများက ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသည့် စိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနခွဲ အွန်လိုင်းဖြင့် ကျင်းပသည့် နိုင်ငံတကာဒီရေတောစင်တာတည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက် (Establishment Agreement of the International Mangrove Center–IMC) လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် Interim Secretariat of the IMC မှ ညွှန်ကြားရေးမှူးချုပ် Professor Boa Daming က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒီရေတောဂေဟစနစ်များကို ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အလွန်အရေးပါကြောင်းနှင့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောဧရိယာအများဆုံးနှင့် အရှေ့တောင်အာရှတွင် ဒီရေတောဧရိယာတတိယမြောက် အများဆုံးနိုင်ငံဖြစ်ကြောင်း ပြောကြားပြီး နိုင်ငံတကာဒီရေတောစင်တာတည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်(IMC)တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program–KSP)အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း"နှင့် စပ်လျဉ်းသည့် အသိပညာမျှဝေဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၊ အဖြတမ်းအတွင်းဝန်၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများ၊ နေပြည်တော်စာရင်းစစ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကား ပြောကြားပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ဥပဒေနှင့်မူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူးက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



ခရမ်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် မြေဩဇာများပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်တွင် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ၊ စပါးမျိုးစေ့၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၇ ရက်က ခရမ်းမြို့နယ် အထက်ခမတ်ကျေးရွာ၌ ကျင်းပသည်။

ပေးအပ်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရမ်းမြို့နယ်အတွင်းရှိ တောင်သူများအား စပါးမျိုးစေ့၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို တာဝန်ရှိသူများက ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက အထက်ခမတ်ကျေးရွာအုပ်စုရှိ တောင်သူဒေါ်ခွဲ့ရီ၏ မိုးစပါး စံပြစိုက်ခင်းအား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးလက်တွေ့စိုက်ပျိုးပြသပေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီများနှင့်တွေ့ဆုံ

ပုသိမ် ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ညနေပိုင်းက မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ခရိုင်၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ မြေအသုံးချမှု၊ အဓိကသီးနှံ ၁၄ မျိုး စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဆောင်ရွက်ချက်များ၊ ၂၀၂၆–၂၀၂၇ မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ မိုးစပါးမျိုးကွဲအလိုက် စိုက်ပျိုးမည့်အစီအစဉ်များ၊ တောင်သူများထံ စက်သုံးဆီနှင့် သွင်းအားစုဓာတ်မြေဩဇာများ အချိန်မီရရှိရေးနှင့် အသားစားကြက်နှင့် ဥစားကြက်မွေးမြူထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှု အပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

အိမ်မဲမြို့နယ်၌ အရန်သားဖွားမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

အိမ်မဲ ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ အရန်သားဖွားမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက်က ကျင်းပသည်။



ဦးစွာ အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေထွန်းက မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အရန်သားဖွားဆရာမများ လိုက်နာရမည့်တာဝန်နှင့် ဝတ္တရားများအကြောင်းကို အသိပညာပေးဆွေးနွေးသည်။

သင်တန်းတွင် ပြည်သူ့ကျန်းမာရေးတာဝန်ခံဆရာမများက မိခင်နှင့်ကလေးကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေး၊ မွေးကင်းစနှင့် ငါးနှစ်အောက်ကလေး ကျန်းမာရေး၊ မိခင်ကလေးအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် ကျား/မအခြေပြု အကြမ်းဖက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စသည်တို့ကို စနစ်တကျ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် မင်္ဂလာသိဒ္ဓိပန်းခြံ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှု



နေပြည်တော် ဇွန် ၁၈

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကံမြင့်သန်းသည် ဒုတိယမြို့တော်ဝန်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရေပန်းဥယျာဉ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဘာလမ်းဘေးရှိ မင်္ဂလာသိဒ္ဓိပန်းခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒက္ခိဏာသီရိမြို့နယ် ရန်အောင်မြင်တောရကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ခေမာနန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဘိဝိနယာစရိယစာတော်ပြန်ပွဲ စာဖြေခန်းမ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝိနယဝံသပါလ အသင်းက ကြီးမှူးကျင်းပသည့် အမှုမအကြေမ်းမြောက် အဘိဝိနယာစရိယစာတော်ပြန်ပွဲတွင် စာဖြေသံဃာ အပါး ၁၃၀ ဝင်ရောက်ဖြေဆိုနေမှုကို လှည့်လည်ကြည်ညိုကာ စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများ အား ဖူးမြော်ကြည်ညိုး၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

တွန်းဇံမြို့သို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တိုက်ပွဲရှောင်ပြည်သူများအား တီးတိန်မြို့၌ လှိုက်လဲစွာ ကြိုဆိုနှုတ်ဆက်



ဟားခါး ဇွန် ၁၈

တွန်းဇံမြို့ကို တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်ခဲ့ပြီး ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် တိုက်ပွဲရှောင်ပြည်သူများသည် ဇွန် ၁၇ ရက်တွင် ခေတ္တတိမ်းရှောင်နေကြသော ကလေးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ယနေ့တွင် တီတိန်မြို့သို့ရောက်ရှိလာကြရာ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လှူဒွန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှိုက်လဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ပြန်လည်တာဝန်ထမ်းဆောင်မည့် နိုင်ငံ့ဝန်ထမ်း ၂၂၁ ဦးနှင့် ပြည်သူ ၅၀ စုစုပေါင်း ၂၇၁ ဦးသည် မော်တော်ယာဉ် ကိုးစီး၊ ဆိုင်ကယ် ၁၂၅ စီးဖြင့် ယနေ့နံနက်ပိုင်းတွင် တွန်းဇံမြို့သို့ ဆက်လက်ထွက်ခွာသွားပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် စားသုံးဆီပိသာ ၁၇၆၀၊ ဆန်အိတ် ၅၀၀၊ ဘိလပ်မြေအိတ် ၃၇၀၊ သွပ် ၄၈၉၆ ချပ်၊ သွပ်ရိုက်သံ ၁၆ ဖာ၊ သစ်ခွဲသား ၁၃ တန်တို့ကိုလည်း ကောင်း၊ တီးတိန်မြို့ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် စားသုံးဆီပိသာ ၆၉၀၊ ဆန်အိတ် ၂၀၀၊ ဘိလပ်မြေ ၇၅ အိတ်၊ သွပ် ၄၆၅ ချပ်၊ သွပ်ရိုက်သံ တစ်ဖာတို့ကိုလည်းကောင်း သက်ဆိုင်ရာမြို့များသို့ တစ်ပြိုင်တည်း ဖြန့်ခွဲပေးပို့ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဓာတ်အားလိုင်းများ ဓာတ်အားပိတ်၍ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၈

၁၃၂ကေဗွီ ဆည်တော်ကြီး-အောင်ပင်လယ် ဓာတ်အားလိုင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့ ဧရိယာများ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အရေးပါသည့် ဓာတ်အားလိုင်းဖြစ်ပြီး အဆိုပါဓာတ်အားလိုင်းကို အသေးစိတ်စစ်ဆေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ရာ မတ္တရာမြို့နယ်အတွင်း အေးချမ်းသာရွာအနီးရှိ တာဝါတိုင်အမှတ် (၂၄ နှင့် ၂၅) အကြား၊ မြောင်းသစ်ရွာအနီးရှိ တာဝါတိုင်အမှတ် (၅၅ နှင့် ၅၆) အကြားတို့တွင် ဓာတ်အားလိုင်းကြိုးများ ကြိုးလွန်းဖွာနေခြင်း၊ တာဝါတိုင်အမှတ် (၆၆)တွင် ကြွေသီးခံပန်းနေခြင်း၊ စာတိုက်တကာရွာအနီးရှိ တာဝါတိုင်အမှတ်(၈၅)တွင် ကြွေသီးကွဲနေခြင်းနှင့် တာဝါတိုင်အမှတ် (၈၄ နှင့် ၈၅)အကြား ဓာတ်အားလိုင်းကြိုး ကြိုးလွန်းများပြတ်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ဓာတ်အားပြတ်တောက်မှု လျော့နည်းပြီး ဓာတ်အားလွတ်စက်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကိုကာကွယ်နိုင်မည်ဖြစ်သည့်အတွက် အထက်ဖော်ပြပါလုပ်ငန်းများကို ဇွန် ၂၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်သည်။

ဓာတ်အားပိတ် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း သပိတ်ကျင်းမြို့နယ်နှင့် စဉ်ကူးမြို့နယ်တို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လုပ်မှု ၁၂ မဂ္ဂါဝပ်ခန့် လျော့နည်းနေမည်ဖြစ်၍ ကျန်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေးကို လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အတူ နေပြည်တော် ဒက္ခိဏာခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၆) မှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ EV ဓာတ်အားလိုင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေစဉ်အတွင်း ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မစျေးယာဉ်ပြင် အလုပ်ရုံ၊ ဇေယျသိဒ္ဓိရပ်ကွက်အိမ်ရာများ၊ EV Charging Station များ ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဇရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များရှိ ဒေသခံပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆောက်လုပ်ရေးပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ မြို့အသီးသီးသို့ ထပ်မံရောက်ရှိ

နေပြည်တော် ဇွန် ၁၈

ချင်းပြည်နယ်အတွင်းရှိ တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးလုပ်ငန်းများတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရေး အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကျောင်းသုံး/ရုံးသုံးပစ္စည်းများ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြား ကူညီထောက်ပံ့ရေးပစ္စည်းများကို ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထပ်မံပို့ဆောင်ပေးလျက်ရှိသည်။



အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့် ကုန်ပစ္စည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများတင်ဆောင်လာသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် ဇွန် ၁၇ ရက် ညပိုင်းတွင် တီးတိန်မြို့နှင့် ဖလမ်းမြို့တို့သို့ လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် တွန်းဇံမြို့သို့လည်းကောင်း ရောက်ရှိကြရာ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပြီး ရောက်ရှိလာသည့် အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြားထောက်ပံ့ပစ္စည်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများအား သက်ဆိုင်ရာတာဝန်ရှိသူများ မှတစ်ဆင့် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

❍ ကျောဖုံးမှ

ပုလဲဒေသများအား ဦးစွာနယ်မြေတည်ငြိမ်အေးချမ်းအောင် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ စစ်ကြောင်းများခွဲ၍ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်နေ့တွင် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် ရေလယ်ကျန်းကျေးရွာအားလည်းကောင်း၊ ဇွန် ၃ ရက်တွင် ကျောက်လုံးကြီးတဲစုကျေးရွာအားလည်းကောင်း၊ ဇွန် ၆ ရက်တွင် ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာတို့အားလည်းကောင်း၊ ဇွန် ၇ ရက်တွင် သစ်ရာပင်လမ်းဆုံအားလည်းကောင်း၊ ဇွန် ၈ ရက်တွင် သစ်ရာပင်ကျေးရွာအားလည်းကောင်း၊ ဇွန် ၉ ရက်တွင် ဝင်းကုန်းကျေးရွာအားလည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ညောင်ပင်လယ်ကျေးရွာအားလည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ယာကြီးကျေးရွာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး တပ်မတော်စစ်ကြောင်းများသည် ဇွန် ၁၅ ရက်တွင် ကွမ်းရေပင်မှတစ်ဆင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လာပို့ကျေးရွာအား နယ်မြေချိတက်ရှင်းလင်းခဲ့ရာ ယနေ့ (ဇွန် ၁၈ ရက်)တွင် လာပို့ကျေးရွာအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် အဆိုပါ လမ်းတစ်လျှောက်၌ နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူအလောင်းများ၊ လက်လုပ် Fixed Wing သုံးစီး၊ လက်လုပ် ရီမုမိုင်း ခြောက်လုံး၊ လက်လုပ်ရှော့တိုက်ဒုံး ၁၈ လုံး၊ လက်လုပ်ဗုံးသီး ၁၆ လုံး၊ လက်လုပ်မိုင်း ၂၅ လုံး၊ ယမ်းမှုန့် ခုနစ်ဘူး၊ ယမ်းမှုန့်ထုပ် ၁၆ ထုပ်၊ ဆက်စပ်ပစ္စည်းများနှင့် ယာယီအခြေပြုစခန်းနေရာများအား သိမ်းပိုက်ရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါ ကလေး၀- ယာကြီး- မုံရွာ လမ်းကြောင်းတစ်လျှောက်အား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်စစ်ကြောင်းများက ကလေး၀ - ယာကြီး - မုံရွာ လမ်းကြောင်းတစ်လျှောက် အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရရှိ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

❖ ကမာရွတ်မှ

အဆိုပါ သိမ်းဆည်းရရှိပစ္စည်းများ၏ ပိုင်ရှင်များအား ဖော်ထုတ်ဖမ်းဆီးရရှိရေး လိုအပ်သည့်စုံစမ်းစစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အဆိုပါ လိုင်စင်မဲ့ယာဉ်သည် Toyota BZ EV အမျိုးအစား ယာဉ်အမှတ်၊ BGO/27 5S-9527 နှင့်အတူ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် အောင်မင်းခေါင် (၁)လမ်းရှိ နေအိမ်တစ်လုံးအတွင်းသို့ ဝင်ရောက်သွားသည်ကို CCTV မှတ်တမ်းများအရ စစ်ဆေးတွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၇ ရက် ည ၉ နာရီခွဲခန့်တွင် အဆိုပါအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလမ်းလည်ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် မြန်မာနိုင်ငံသား အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၆ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

စွန့်ပစ်ခဲ့ခြင်းဖြစ်

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်များအရ ၎င်းတို့သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်အထိ အလုံဖြို့နယ်ရှိ Condo အခန်းအား တစ်လလျှင် ကျပ်သိန်း ၇၀ ဖြင့် ငှားရမ်းနေထိုင်ခဲ့ကြောင်း၊ ဖမ်းဆီးရမိတရားခံများထဲမှ တစ်ဦးက လက်ကိုင်ဖုန်းများထုတ်ပေးကာ ဆိုရှယ်မီဒီယာအကောင့်များကို ထည့်သွင်းပေးထားကြောင်း၊ ၎င်းနောက် တရုတ်နိုင်ငံသားများအား ဆက်သွယ်ပြီး အလှကုန်ပစ္စည်းများ၊ လူသုံးကုန် ပစ္စည်းများနှင့် ကျောက်စိမ်းများကို ရောင်းချမည်ဟု စည်းရုံးပြောဆိုရကြောင်း၊ ဝယ်ယူမည့်သူများက ၎င်းပစ္စည်းများအား ဝယ်ယူမည်ဆိုပါက ဓာတ်ပုံနှင့် တရုတ်ယွမ်ငွေတန်ဖိုးများကို ပေးပို့ရကြောင်း၊ ဝယ်ယူမည့်သူက မသက်ာ်၍ မေးမြန်းလာသောအခါ အရောင်း၀န်ထမ်းများဖြစ်သည်ကို အသင့်ပြင်ဆင်ထားသည့် အီလက်ထရောနစ် လေဘာကတ်များ ပေးပို့၍ ယုံကြည်အောင် ဆောင်ရွက်ရကြောင်း၊ တရားခံများအနေဖြင့် ဈေး၀ယ်ရန် လွှဲပေးသည့် ငွေပမာဏ၏ သုံးရာခိုင်နှုန်းရရှိပြီး လစာသတ်မှတ်ထားခြင်းမရှိကြောင်း၊ လုပ်ငန်းအခြေအနေ မကောင်းတော့သဖြင့် အဆိုပါ အွန်လိုင်းလိမ်လည်မှုပြုလုပ်ရာတွင်အသုံးပြုသည့် လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများအား ယာဉ်အမှတ်၊ MDY –12 4F–1752 Honda Fit (လိုင်စင်မဲ့) ယာဉ်နှင့်အတူ ပိုင်ရှင်မဲ့ဖြစ်စေရန် Loi Sam Sip ရှမ်းစားသောက်ဆိုင်ရှေ့ ကားပါကင်နေရာ၌ စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူသွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများကိုလည်း ထပ်မံအသုံးပြုနိုင်ခြင်း မရှိစေရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

KIA၊ PDF အကြမ်းဖက်သောင်းကျန်းသူများက စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ရွှေကူမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ယုတ်မာရိုင်းစိုင်းစွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၈

KIA၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၇ ရက် ညနေ ၅ နာရီ ၁၀ မိနစ်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် ကချင်ပြည်နယ် ရွှေကူမြို့ အမှတ်(၁)ရပ်ကွက် ခုံခမ်းရပ်အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရပ်ကွက်အတွင်း နေထိုင်လျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူများဖြစ်သည့် ဒေါ်အေးဖြူ (၄၈) နှစ် (၁၈) ဦးတင်ငွေ ရင်ဘတ်တွင် ဒုံးသီးစဖောက်ဝင် (သေဆုံး)၊ ဒေါ်ခင်ဆွေဆွေသန်း (၂၂) နှစ် (၁၈) ဦးအောင်ကျော်ညွှန့် လည်ပင်းနှင့် ညာလက်မောင်း ဒုံးသီးစဖောက်ဝင် ဒဏ်ရာများ၊ မဖူးပွင့်ဝေဝေခိုင် (၁၄)နှစ် (၁၈) ဦးကျော်သီဟဝင်း ဦးခေါင်းနှင့်ဘယ်ခြေ ဒုံးသီးစဖောက်ဝင်ဒဏ်ရာများဖြင့်ပြင်းထန်စွာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် အဆိုပါ ဒဏ်ရာရရှိသူများအား ရွှေကူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများ ဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့၊ ရွာများရှိ ဘာသာရေး အဆောက်အအုံများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများအပါအဝင် ဌာနဆိုင်ရာ အဆောက်အအုံများထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်တို့ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လုံး၀လက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင် ကန့်ကွက်လျက်ရှိပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်





KIA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် ရွှေကူမြို့ အမှတ်(၁) ရပ်ကွက်အတွင်းသို့ ကျရောက်ပေါက်ကွဲသဖြင့် ထိခိုက်ဒဏ်ရာရရှိသူများကို တွေ့ရစဉ်။



ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့သည့် နေအိမ်ကို တွေ့ရစဉ်။

❍ အင်္ဂလန်မှ

မူဆာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အင်္ဂလန် အသင်းနဲ့အတူ ကမ္ဘာ့ဖလားပြိုင်ပွဲ သွင်းဂိုးစုစုပေါင်း ၁၀ ဂိုးအထိရှိလာခဲ့ပြီလည်း ဖြစ်ပါတယ်။ အုပ်စု (L)ရဲ့ အခြားသောပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဂါနာ အသင်းနဲ့ ပနားမားအသင်းတို့ပွဲစဉ်မှာတော့ ဂါနာ အသင်းက သာမန်ပွဲကစားချိန်မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာရရှိခဲ့တဲ့ ယီရန့်ယီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဥဧာဝတ်ကစ္စတန်အသင်းနဲ့ ကိုလံဘီယာအသင်းတို့ ပွဲစဉ်မှာတော့ ကိုလံဘီယာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အခြားသောကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ပေါ်တူဂီအသင်းနဲ့ ကွန်ဂိုအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီသရေရလဒ်နဲ့သာ ပွဲပြီးဆုံးခဲ့တာဖြစ်ပါတယ်။

ဠွေကြေယ်

❋ ဖိလစ်ပိုင်မှ

ရတနာပုံအသင်းသည် ယခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပြီး ပထမဆုံးရာသီမှာပင် လိုအပ်သည့်နေရာများကို အင်အားဖြည့်တင်းနေခြင်းဖြစ်သည်။ ရတနာပုံအမျိုးသမီးအသင်းသည် လူငယ်ကစားသမားအများစုဖြင့် ဖွဲ့စည်းထားသော်လည်း တိုက်စစ်ပိုင်းအတွက် မြန်မာ့လက်ရွေးစင် ဝါရင့်တိုက်စစ်မှူး ဝင်းသိဂီထွန်းကို ခေါ်ယူထားသလို ယခု ဖိလစ်ပိုင်တိုက်စစ်ကစားသမား လာရာကန်ကို ပါ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သူသည် ဖိလစ်ပိုင်ထိပ်သီးကလပ် စတေလီယန်လာဂူနာအသင်းတွင် ကစားခဲ့သူဖြစ်သည်။ ရတနာပုံအသင်းသည် နိုင်ငံခြားသားကစားသမား သုံးဦးအထိ ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။


ရတနာပုံအသင်းသည် ဇွန် ၁၆ ရက်က ကစားသည့် ပွဲစဉ် (၁) တွင် ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

သတင်း - ရှိုင်းထက်ဇော်

ဓာတ်ပုံ - YDNBFC

■

ကလေး- တမူးလမ်းကြောင်း ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်



နေပြည်တော် ဇွန် ၁၈

တပ်မတော်အနေဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်း တစ်ခုဖြစ်သော ကလေး-တမူး လမ်းကြောင်း တစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော စစ်ကြောင်းသည် ဇွန် ၁၅ ရက်တွင် ရန်မျိုးအောင် ကျေးရွာအားလည်းကောင်း၊ ဇွန် ၁၆ ရက်တွင် စော်ဘွားရေရှင် ကျေးရွာအား လည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ကျွန်းတောရေရှင်ကျေးရွာအားလည်းကောင်း အဆင့်ဆင့် ပြန်လည်သိမ်းပိုက် ထပ်မံထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ဒေသခံပြည်သူများ အမြန်ဆုံး ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါ ကလေး-တမူး ဆက်သွယ်ရေးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ကာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ အမြန်ဆုံး ဖော်ဆောင်ပေးနိုင်ရေး အတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး-တမူးဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများအား ထပ်မံထိန်းချုပ်နိုင်ခဲ့မှု။

တပ်မတော်စစ်ကြောင်းများက ကလေး-တမူး လမ်းကြောင်း တစ်လျှောက်ရှိအကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့်ကျေးရွာများအား ထပ်မံထိန်းချုပ်နိုင်ခဲ့မှု။



သုံးခွမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပွဲကျင်းပ

သုံးခွ ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် မိုးစပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာပေးအပ်ခြင်း၊ မျိုးစပါးထောက်ပံ့ပေးအပ်ခြင်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ခြင်းနှင့် ပဲတီစိမ်း (GAP) ပေးအပ်ခြင်းအခမ်းအနားကို သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာအုပ်စုရှိ ဦးမောင်မြင့်၏ တောင်သူပညာပေးရှင်းလင်းဆောင်၌ ဇွန် ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဒေါက်တာထူးမောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်က စိုက်ပျိုးရေးဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက တောင်သူများအား သဘာဝမြေဩဇာများ၊ မျိုးစပါးများ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ ပဲတီစိမ်း (GAP)လက်မှတ်များအား ပေးအပ်ပြီး မိုးစပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)

ဒလမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဒလ ဇွန် ၁၈

တိုင်းရင်းသားရေးရာ အသိပညာပေး ဟောပြောခြင်း၊ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက်ဆန်းစစ်စီမံခြင်းနှင့် အခြေခံခြင်းတောင်းရက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၆ ရက်က ဒလမြို့နယ် ကျန်စစ်သားရုပ်ကွက် ပင်းယလမ်း ရှိ မူကြိုကျောင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူးက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က TA/LT ဆရာ ဆရာမများ ခန့်ထားခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ရန်ကုန်တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့ရည်က ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေးနှင့် လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်မှုဆိုင်ရာများ၊ သမဝါယမဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စွာသိမ်းက သမဝါယမဦးစီးဌာနတွင် လုပ်ကိုင်လျက်ရှိသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)



ပခုက္ကူမြို့နယ်၌ ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေး သင်တန်းဖွင့်လှစ်

ပခုက္ကူ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ကောက်ရိုးမှိုနှင့်ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ကျင်းပရာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းဆက်လက်ပို့ချသည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းပို့ချမှုအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခြင်း၊ ကောက်ရိုးမှိုနှင့်ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နည်းများအား လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် ဇွန် ၁၈

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ၌ ဆိုလာရေတင်စနစ် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၅၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ထမုန်ကန်ကျေးရွာအုပ်စု ဥယျာဉ်ကုန်းကျေးရွာ၌ ဆိုလာရေတင်စနစ် စက်ရေတွင်းတူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ကန်နီကျေးရွာအုပ်စု ကန်နီကျေးရွာ၊ ညောင်ကုန်း (အရှေ့)ကျေးရွာနှင့် (အနောက်)ကျေးရွာတို့တွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေးရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အတွင်း မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေရှားပါးခက်ခဲသည့်ကျေးရွာများမှ ဒေသခံပြည်သူများ တင်ပြတောင်းခံခဲ့သော ဆိုလာရေတင်စနစ် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ရှစ်ခု၊ ဆိုလာရေတင်စနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း သုံးခု၊ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ခြောက်ခု၊ မြေသားရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ခြောက်ခုနှင့် ပျားမွေးမြူရေးလုပ်ငန်းနှစ်ခု စုစုပေါင်းလုပ်ငန်း ၂၅ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပေါင်မြို့နယ်၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပေါင် ဇွန် ၁၈

မွန်ပြည်နယ် ပေါင်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီ သစ်ပင်ဖိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အထက(ဥတ္တံတား)၌ ပြုလုပ်သည်။

ဦးစွာ သစ်တောဦးစီးဌာနမှ တာအုပ်ကြီးဦးဇော်လွင်ဦးက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာကြီး၏ အခြေအနေနှင့် မြန်မာနိုင်ငံတွင်ထွက်ရှိသည့် သစ်အမျိုးအစား၊ သစ်ပင်များ ဆက်လက်စိုက်ပျိုးထားမှု အခြေအနေ၊ သစ်ပင်/သစ်တောမှရရှိသော အကျိုးကျေးဇူးများအကြောင်း ဟောပြောဆွေးနွေးသည်။ ထို့နောက် မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



မြိတ်မြို့နယ်၌ အသိပညာပေး ဟောပြောပွဲကျင်းပ

မြိတ် ဇွန် ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင် စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နှစ်နက်ပိုင်းက နောက်လယ်ရုပ်ကွက်ရှိ အထက(၅)၌ ကျင်းပသည်။

ဦးစွာ မြိတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးဝေယံမြင့်ချိုက သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာများကို ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ ခိုင်ထူး(ပြန်/ဆက်)

ရေကြည်မြို့နယ်၌ သွင်းအားစု ဓာတ်မြေဩဇာပေးအပ်ပွဲ ကျင်းပ

ရေကြည် ဇွန် ၁၈

ဧရာဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ်တွင် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးရာသီတွင် ပါဝင်ဆောင်ရွက်သည့် တောင်သူများအား သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စိမ်းလဲ့ရေကြည်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ကျုံပျော်ခရိုင် စိမ်ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ရေကြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝယ်ယူကြိတ်ခွဲတင်ပို့သူ အစုအဖွဲ့လုပ်ငန်းရှင်များ၊ သွင်းအားစုလုပ်ငန်းရှင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက တောင်သူများထံ သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကျုံပျော်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါး သရုပ်ပြစိုက်ပျိုး

ကျုံပျော် ဇွန် ၁၈

၂၀၂၆ ခုနှစ် မိုးစပါးရာသီ မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချသရုပ်ပြစိုက်ပျိုးပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရေနောက်ကျေးရွာရှိ လယ်မြေဧက ၅၀ ၌ ဇွန် ၁၇ ရက်က ပြုလုပ်သည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသည် မျိုးစေ့ကုန်ကျမှု သက်သာ၍ လုပ်သားရှားပါးမှုကို လျော့ချနိုင်ကြောင်းနှင့် လယ်မြေအတွင်း ပေါင်းသတ်ဆေး အလွန်အကျွံမသုံးစွဲရန် ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ထိုက်က မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၏ အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက်တောင်သူလယ်ယမားများ လက်ဝယ်သို့ ယူရီးယား ဓာတ်မြေဩဇာများ သက်သာသော စျေးနှုန်းဖြင့် ပေးအပ်ပြီး တောင်သူ ဦးမောင်မြင့်၏ လယ်မြေတွင် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

အင်္ဂပူမြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်း ဆောင်ရွက်

အင်္ဂပူ ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျော်)ထယ်ထိုးမြေမြှုပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကြို့ကုန်းကျေးရွာ တောင်သူ ဒေါ်အေးကြည်၏ လယ်မြေ လေးဧကတွင် ပြုလုပ်သည်။



သစ်စိမ်းမြေဩဇာ ထည့်သွင်းထွန်ယက်ခြင်းကို မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြိုးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် ကော်မတီဝင်များက ကြည့်ရှုအားပေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာနီမောင်က သစ်စိမ်းမြေဩဇာထည့်သွင်းခြင်းဖြင့် မြေဆီလွှာအာဟာရ ပိုမိုကောင်းမွန်ကာ သီးနှံများ အထွက်နှုန်းတိုးပြီး ဓာတ်မြေဩဇာ လျော့ချသုံးစွဲနိုင်ကြောင်းကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်ကိုင်း	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဖျာပုံ	ကော့သောင်း
92 Ron	၃၅၅၅	၃၆၄၀	၃၈၅၀	၃၈၀၀	၃၆၄၀	၃၆၆၀	၃၆၃၀	၃၈၇၀	၃၆၉၀	၄၂၆၅	၃၈၆၀	၄၀၀၅	၃၆၀၀	၃၆၄၀	၃၆၅၀	၃၆၀၀
95 Ron	၃၈၃၀	၃၆၈၅	၃၆၄၀	၃၈၅၀	၃၆၆၀	၄၁၀၅	၄၀၄၀	၃၆၂၀	၄၀၄၀	၄၄၃၅	၄၀၄၀	၄၁၂၀	၄၀၄၀	၃၆၈၅	၃၆၆၅	၄၂၅၀
HSD (500 ppm)	၃၆၁၀	၄၀၅၅	၄၀၀၀	၃၆၂၅	၄၀၆၀	၄၁၀၀	၃၁၀၅	၃၆၆၀	-	၄၄၆၅	၄၁၀၀	၄၄၃၀	၄၀၆၅	၄၀၆၅	၄၀၆၅	၄၂၈၅
HSD (50 ppm)	၄၅၂၀	၄၀၈၅	၄၀၂၅	၄၅၃၅	၄၀၉၀	၄၀၉၅	၄၀၉၅	၄၀၀၅	၄၀၃၅	၅၂၀၀	၄၀၂၅	၅၀၀၀	၄၀၃၅	၄၀၈၅	၄၀၈၅	၅၁၁၅
HSD (10 ppm)	၄၅၂၀	၄၀၈၅	၄၀၂၅	၄၅၃၅	၄၀၉၀	၄၀၉၅	၄၀၉၅	၄၀၀၅	-	၅၂၀၀	၄၀၂၅	၅၀၀၀	၄၀၃၅	၄၀၈၅	၄၀၈၅	၅၁၁၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၅၅၀	၃၆၄၀
95 Ron	၃၈၂၅	၃၈၃၀
HSD (500 ppm)	၃၆၁၀	၃၆၀၅
HSD (50 ppm)	၄၄၆၀	၄၅၂၀
HSD (10 ppm)	၄၄၆၀	၄၅၂၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေးနှပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၇၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၈၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၈

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူ စားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇွန် ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၂၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး၏ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

စဉ်	လုပ်ငန်းအမည်	Lot No
၁	မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်ဦးစီးမှူးရုံးသိုလှောင်ရုံ(၅၀x ၃၀x ၁၄) ပေ၊ RCC (၁) ထပ်၊ သွပ်မိုး၊ ကွန်ကရစ်ကြမ်းခင်း၊ ရေ၊ မီး၊ Apron & Drain မိလ္လာအပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ကော့သောင်းခရိုင်၊ ကော့သောင်းခရိုင်ဦးစီးမှူးရုံး လုံခြုံရေးဂိတ်တဲ (၈ x ၈ x ၉) ပေ၊ RCC (၁) ထပ် ဆောက်လုပ်ခြင်းလုပ်ငန်း	Lot–1

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်၊ အချိန်** – (၂၂ – ၆ – ၂၀၂၆) ရက်နေ့ (၀၉:၃၀) နာရီမှ (၁၆:၃၀) အထိ

(ခ) **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်၊ အချိန်** – (၆ – ၇ – ၂၀၂၆) ရက်နေ့ (၀၉:၃၀) နာရီမှ (၁၆:၃၀) အထိ

(ဂ) **တင်ဒါလျှောက်လွှာ ရောင်းချ/တင်သွင်းရမည့်နေရာ** – ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ထားဝယ်မြို့။

(ဃ) **တင်ဒါရွေးချယ်မည့်ရက်၊ အချိန်** – ဆက်သွယ်အကြောင်းကြားပါမည်။

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့ ဖုန်း – ၀၉–၅၀ ၅၅၇၈၁၊ ၀၉–၂၅၂၉၃၄၉၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၁၈)ရွှေပေါက်ကံလမ်း၊ မြေကွက်အမှတ်(၇၃၅) ဧရိယာ(၄၀'x၆၀')ရှိမြေချပါမစ်အမျိုးအစားဦးဥာဏ်ထွန်း(CE-၀၁၇၆၈၆)အမည်ပေါက်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်သည်မြေချပါမစ်တွင် ဦးဥာဏ်ထွန်း အမည်ပေါက်နေပြီး အရောင်းအဝယ်ကတိစာချုပ်(အဆက်ဆက်)အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကြည်လွင်(၁၂/ဒဂမ(နိုင်)၀၀၅၄၀၃)က အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာပါသည်။(လွှဲအပ်ညွှန်ကြားချက်အရ)

ဦးသန့်ဇင် (LL-B) အထက်တန်းရှေ့နေ(စဉ်–၅၀၆၈) Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B) အထက်တန်းရှေ့နေ(စဉ်–၂၇၇၇) Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃)၊ ဆည်မြောင်း(၅)လမ်း၊ မြေကွက်အမှတ်(၇၇၃)ဟုခေါ်တွင်သော ဦးပြုံးချို (ဘ) ဦးကျော်စိန် (CF–106258) [၁၂/သဃက (နိုင်) ၁၂၂၀၆၃] အမည်ပေါက် (၄၀x၆၀)ပေ ကျယ်ဝန်းသည့် ပါမစ်မြေကွက်နှင့် နေအိမ်(၃)လုံး အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟန်မြင့် (ဘ) ဦးခင်မောင်မြင့်[၁၂/သဃက(နိုင်)၀၈၂၆၈၅]မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP) အထက်တန်းရှေ့နေ(စဉ်–၅၅၄၂၄)

ဦးဇော်ခိုင်(LL.B,HGP) အထက်တန်းရှေ့နေ(စဉ်–၅၆၃၁၉)

အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၈၈၅၀၃၂၃၁၅

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ်(၇၇–ဃ)၊ ၅၈ လမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဟိန်းမင်းထက်[၅/ကလထ(နိုင်) ၂၀၂၉၄၆]က အမှုတွဲအမှတ်(၀၆၃၄/၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၀)၊ (၆)ခန်းတွဲ RC(၈)ထပ်အဆောက်အဦမှ အခန်းအမှတ်(၃)၊ မြေညီထပ်၊ ဧရိယာ(၇၇၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သင်းရတီဆု[၁၂/လမတ(နိုင်)၀၃၃၄၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်သူရ[၁၂/ပဘတ(နိုင်)၀၁၄၀၆၄]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြတ်သူရ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးဝင်းမင်းစိုးLL.B,D.B.L,D.I.L,D.M.L.WIPO(Switzerland)

တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)

အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph–09–450023651,09–793568375

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ အဖျောက်မြို့၊ (၃)ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ လမ်းသွယ်(၁)တွင်တည်ရှိပြီး ဦးဌေးလွင်နှင့် ဒေါ်ပြည့်ဖြိုးဝေတို့ လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိသော ဧရိယာ(၆၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အဆောက်အဦနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးဌေးလွင်[၈/နမန(နိုင်)၂၃၄၅၅၄]နှင့် ဒေါ်ပြည့်ဖြိုးဝေ[၉/အမရ(နိုင်)၁၁၀၇၃၆]တို့က လက်ရှိထားပိုင်ဆိုင်ကာ အကျိုးခံစားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းခိုင် [၁၂/အစန (နိုင်)၀၀၂၄၈၇]တို့က ဝယ်ယူမည်ဖြစ်ပါ၍ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံသို့ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ဆောက်လုပ်ထားသည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သည့် မည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သန္တာဆွေ(LL.B)

အထက်တန်းရှေ့နေ(စဉ်–၄၄၅၁၈)

ပညာ့ဝတီလမ်း၊ ဖောဓိကုန်းရပ်ကွက်၊ တိုက်ကြီးမြို့။

09–263973000, 09–673940918

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၃လမ်း၊ မြေကွက်အမှတ်(၂၇၀/ခ)၊ အမှတ်(၁၉၃)ဟုခေါ်တွင်သော ၂၀ပေx၆၀ပေ အကျယ်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၆)ထပ်တိုက်၏ ပထမထပ် (၂)လွှာ အကျယ်အဝန်း (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်သူများဖြစ်သော ဦးသက်ထွန်းဦး[၁၄/ရကန(နိုင်)၁၄၅၇၃၁]နှင့် ဒေါ်အိအိသော် [၁၂/အစန(နိုင်)၁၉၄၇၃၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မြတ်ကြူ[၉/မထလ(နိုင်)၀၀၈၁၉၅]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ဇာနည်ဝင်းထွန်း(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၂၇၅)

အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။

၀၉–၄၂၀၀၃၅၉၂၄

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျောက္ကဒင်ကျေးရွာအုပ်စု၊ ကျောက္ကဒင်ကျေးရွာ၊ ကျောက္ကဒင်လမ်း၊ ကွင်းအမည်(ကျောက္ကဒင်ကွင်း)၊ ကွင်းအမှတ်(၁၀၀၁/က)၊ ဦးပိုင်အမှတ်(–)၊ 5A,5B ဟုခေါ်တွင်သော အလျား(၉၀)ပေx အနံ (၁၀၀)ပေ အကျယ်အဝန်းရှိ အိမ်ခြံမြေကွက်အား အဆက်အစပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဦးစိုးလင်းဦး [၉/ပဥလ(နိုင်)၀၆၃၀၄၄] ထံမှနေ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မိုးဦး[၁၂/လသယ(နိုင်)၀၀၅၉၂၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ **ဦးကျော်မိုးဦး**

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးမာလှိုင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၇၂)

အမှတ်–၈၃၇/က၊ ၈၂/၃၄၊ (၁၀)ရပ်ကွက်၊ ဖူးပုံပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/ပုပ္ပါးကုန်းရပ်၊ ပုပ္ပါးကုန်းရပ်ကွက်မှ မြေဧရိယာ(၀.၀၈၂)ဧကရှိ မြေကွက်အမှတ်(ယ–၅၀၃)ကို နှစ်(၃၀) မြေငှားစာချုပ်ချထားပေးနိုင်ပါရန် မြေကွက်နေရာချထားပေးကြောင်း အကြောင်းကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပြင်မှတ်တမ်းဓာတ်ပုံများတင်ပြပြီး အမည်ပေါက်ဦးဝင်းမြင့် (ဘ) ဦးစံရှိန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/တကန(နိုင်)၁၂၉၈၁၁]ကိုင်ဆောင်သူမှ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်(၃၀) မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောက်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ (Open Tender) ပိတ်ရက် ပြင်ဆင်ခြင်း

အောက်ဖော်ပြပါ တင်ဒါ (၂)စောင်၏ မူလ တင်ဒါပိတ်ရက် (**၁၉.၆.၂၀၂၆**)နေ့အစား အောက်ဖော်ပြပါ နေ့ရက်သို့ ပြောင်းလဲ ပြင်ဆင် သတ်မှတ်ပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	၈၀/မမ/ CE	**တိုင်းအမှတ်(၃)၊မန္တလေး** မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်း(160'x85'x34'),50KVA Transformer နှင့်မီးလိုင်းများသွယ်တန်းခြင်း၊အုတ်ခြံစည်းရိုးကာရံခြင်း(၅၀၀-ပေ)၊ကွန်ကရစ် လမ်းခင်းခြင်း(42500 Sft) နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း
၂	၈၂/မမ/ CE	**တိုင်းအမှတ်(၄)၊ကလော** သာစည်ဘူတာသစ်တည်ဆောက်ခြင်းနှင့်ရထားသွားလာရေးဆိုင်ရာအထောက်အကူပြုလုပ်ငန်းများဆောင်ရွက်ခြင်း(130'x50')Two Storeyed R.C Building (Mat Foundation)(20'x30')Control Room (၁)ခန်းအပါအဝင်(နှစ်ဆက်လုပ်ငန်း)

တင်ဒါပိတ်မည့်နေ့/အချိန် - **(၂၆.၆.၂၀၂၆) နေ့လည် (၂:၃၀) နာရီ**

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၁–ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ တိုက်အမှတ်(၂၈)၊ (Kanbae Tower, Room–D1603) အကျယ်အဝန်း(၇၉၈.၇၉)စတုရန်းပေရှိ ဦးစိုးပြေသူ ဝယ်ယူပိုင်ဆိုင်သည့် တိုက်ခန်းအကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါတိုက်ခန်းအား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးစိုးပြေသူ [၁၂/တမန(နိုင်)၁၁၁၂၃၈]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခိုင်ဌေး(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၉)

ဒေါ်ခိုင်ဦးသူ (LL.B,D.B.L,D.I.L) အထက်တန်းရှေ့နေ(စဉ်–၃၇၉၅၄)

အမှတ်–၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၂၅၈၈၀

ဖခင်အမည်မှန်

တွံတေးမြို့၊ အ.ထ.က ကံဘဲ့ကျောင်း၊ Grade–7 မှ မမေဇူလှိုင်မျိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးမောင်မောင် [၁၂/တတန(နိုင်)၂၈၁၉၃၁]ဖြစ်ပါကြောင်း။

ဦးမျိုးမောင်မောင်

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျားဘိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ Grade–3 ကျောင်းသား မောင်မင်းခန့်မောင်၏ ဖခင် အမည်မှန်မှာ ဦးချမ်းမြေ့ထွန်း [၇/ပခန(နိုင်)၃၈၅၈၆၈] ဖြစ်ပါကြောင်း။

ဦးချမ်းမြေ့ထွန်း

[၇/ပခန(နိုင်)၃၈၅၈၆၈]

ပြင်ဆင်ဖတ်ရှုပါရန်

(၁၈–၆–၂၀၂၆)ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်မိုးခင်အိ ကန့်ကွက်နိုင်ပါသည် ကြော်ငြာတွင် ဒေါ်ဆုမြတ်သူ [၇/ကတစ (နိုင်) ၁၁၉၇၅၈] အစား ဒေါ်ဆုမြတ်သူ [၇/ကတခ (နိုင်) ၁၁၉၇၅၈]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက ဆင်ဖြူရပ်ကျောင်း Grade–6(A)မှ မဇေကရီချို၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းအောင် [၁၀/ပမန (နိုင်) ၁၅၂၁၉၆] ဖြစ်ပါကြောင်း။

ဦးမင်းမင်းအောင်

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ) ပန်းကုန်းမွန်ကျောင်းမှ Grade–9 တွင် ပညာသင်ကြားနေသော မစုသင်းရတနာ၏ ဖခင်အမည်မှန်မှာ မောင်ချိုရိန် [၁၀/ပမန (နိုင်) ၂၂၅၁၉၄] ဖြစ်ပါကြောင်း။

မောင်ချိုရိန်

[၁၀/ပမန(နိုင်)၂၂၅၁၉၄]

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၆)၊ ဦးပိုင်အမှတ် (၇၈)၊ ၅၈ လမ်း၊ ၃၀x၃၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဟိန်းမင်းထက်[၅/ကလထ(နိုင်) ၂၀၂၉၄၆]က အမှုတွဲအမှတ်(၀၆၃၅/ ၂၀၂၆–၂၀၂၇)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

“အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃/ရပ်ကွက်၊ ဝရဇာ(၆)လမ်း၊ အမှတ်–၆၂၆ ရှိ ကန်ထရိုက်တိုက် ပထမထပ်နှင့် ဒုတိယထပ် တိုက်ခန်း(၂)ခန်းအား ဦးအေးထွန်း[၁၂/ဥကမ(ပြု)၀၀၀၈၂၅]နှင့် ဦးဇော်မင်းနိုင်[၁၂/ဥကမ(နိုင်)၂၆၁ ၅၆၇]တို့သည် ၎င်းတို့ပိုင်ဆိုင်ကြောင်း မြွက်ဟဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ဒေါ်လှလှခိုင်[၁၂/ဥကတ(နိုင်)၀၈၂၇၂၄]မှ ဝယ်ယူရန်အတွက် ငွေပေးချေပြီးဖြစ်ပါ၍ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့် ယခုကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်အတည်ပြု ချုပ်ဆိုတော့မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှခိုင်[၁၂/ဥကတ(နိုင်)၀၈၂၇၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သူသူထွန်း (LL.B, D.B.L, WIPO–Switzerland, D.I.P.L)

တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၉၆၆)

အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၄၂၀၀၅၃၂၇၂

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ဇလွန်မြို့၊ လမ္ဘတော်မြောက်ရပ်ကွက်၊ ကုန်သည်လမ်းနေ အမိ ဒေါ်ဝင်းဝင်းမော် [၁၄/ဇလန(နိုင်)၂၀၈၄၈၅]၏သား မောင်တင်မောင်ဝင်း [၁၄/ဇလန(နိုင်)၂၀၈၅၉၀]သည် မိဘဖြစ်သူများ၏ ပြောဆိုဆုံးမမှုကိုနာခံမှုမရှိသဖြင့် မိဘဖြစ်သူများကိုလည်း စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး ငွေကြေးအရှုပ်အရှင်းများ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိခင်–ဒေါ်ဝင်းဝင်းမော်[၁၄/ဇလန(နိုင်)၂၀၈၄၈၅]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်မင်းအပိုင်း(၂)အိမ်ရာ၊ တိုက်(၆၂)၊ အခန်း(၃၀၁)၏ အမည်ပေါက် ဒေါ်ဇင်ဇင်ထိုက်(ခ)ရွှံ့ချူရှန်း [၁၃/ဆဆန(နိုင်)၀၂၈၅၈၃]ထံမှ ဒေါ်ကေသီခိုင် [၁၄/ပသန(နိုင်)၁၅၂၀၈၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ Hiway Complex အိမ်ရာ၊ တိုက်(E)၊ အခန်း(၃၀၄)၏ အမည်ပေါက် ဦးကျော်နန္ဒာ [၇/ပခန(နိုင်)၀၀၃၉၁၅]ထံမှ ဒေါ်ခင်ဝင်းမော် [၇/ရကန(နိုင်)၀၃၆၃၀၀]၊ ဒေါ်မြရတနာမြင့်ခိုင် [၉/ကပတ(နိုင်)၁၉၄၄၁၂]တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၊ ၀၆၇–၃၄၀၇၅၄၇

ပြင်ဆင်ဖတ်ရှုပါရန်

(၁၆-၆-၂၀၂၆)ရက်နေ့၊ ကြေးမုံသတင်းစာ စာမျက်နှာ-၂၀တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၅၈-ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ အမှတ် - ၂၂၆+၂၂၇ ဟုခေါ်တွင်သော မြေကွက် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေဒေါ်ကေသီဖြိုးကျော် +၁ ကြေညာတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အစား ဒဂုံမြို့သစ် (ဆိပ်ကမ်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ သထုံမြို့၊ အ.ထ.က(ခွဲ)၊ ဈေးမသွယ်ကျောင်း၊ Grade-11တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်စွာဝင်း၏သမီး မမိုးဝသုန်၏ မွေးသက္ကရာဇ် အမှန်မှာ (၇-၇-၂၀၀၉) ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

